# ဘဲ(လ်)ဂျစ်ခံဝန်ချက်(Belgic Confession)

## နိဒါန်း

ဤဝန်ခံချက်သည် သမိုင်းကြောင်းအရ ကျွန်တော်တို့၏ သုံးပါးစုံညီယုံကြည်ချက် (The Three Forms of Unity)တွင် ပထမဆုံးအပိုင်းဖြစ်သည်။ ၁၅၆၁ ခုနှစ်ကပင်ရေးဆွဲခဲ့၏။ တခါတရံ ဘဲ(လ်)ဂျစ်ခံဝန်ချက်(Belgic Confession)ဟုလည်းခေါ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ ခေတ် ဘယ်(လ်)ဂျီယန်နိုင်ငံ(Belgium)ဟုသိကြသည့် တောင်ပိုင်းလိုလန်း(Southern Lowland)ဒေသ၌ရေးဆွဲခဲ့သောကြောင့်ဖြစ်သည်။ အဓိကရေးသားသူမှာ ဂိုင်ဒိုဒီဘရဲ့(နေ့ ကငိသ ိန မြန်)ဖြစ် သည်။ ယုံကြည်ခြင်းအတွက် နှိပ်စက်ညှင်းဆဲခြင်းများခံနေကြရချိန်၌ ထွက်ပေါ်လာခဲ့ကြသောနယ် လှည့်တရားဟောဆရာများထဲမှတဦးဖြစ်သည်။ မာတုရ(အာဇာနည်)အဖြစ်နှင့် သေဆုံးခဲ့ပါသည်။

ရိုမင်ကက်သလစ်များ၏မဟာမိတ်ဖြစ်သူ စပိန်ဘုရင် ဒုတိယမြောက်ဖိလစ်(Philip II)လက် ထက်တွင် **လိုလန်း✡✡အရပ်ရှိ ပြန်လည်ပြုပြင်သော(ရီဖော့မ်)ယုံကြည်သူများသည်၊ နိုင်ငံတော်ပုန် ကန်သူများအဖြစ်သတ်မှတ်ခံရကာ ပြင်းထန်သောနှိပ်ကွပ်ခြင်းကိုခံခဲ့ကြရ၏။ ထို့ကြောင့် ဤခံဝန် ချက်သည် စပိန်ဘုရင်ထံသို့ ပြန်လည်ပြုပြင်သော(ရီဖေါမ့်)ယုံကြည်သူများသည် သတ်မှတ်ခံကြရ သကဲ့သို့ သူပုန်များမဟုတ်ကြောင်း၊ သမ္မာကျမ်းစာကသွန်သင်သော အယူဝါဒများကိုသာ ဝန်ခံယုံ ကြည်ကြသူများ၊ ဥပဒေလေးစားကြသူများဖြစ်ကြောင်း သက်သေပြရန် အဓိကထား၍ရေးသားခဲ့ ကြသည်။ ၁၅၆၂ တွင် စပိန်ဘုရင်ထံသို့ ဤဝန်ခံချက်မိတ္တူတစောင်ကို၊ အသနားခံလွှာတစောင် နှင့်အတူ ပေးပို့ခဲ့ကြသည်။ ထိုအသနားခံလွှာတွင် အသနားခံသူများက အစိုးရအား ဥပဒေနှင့် ကိုက်ညီသည့် မည်သည့်နေရာ၌မဆို နာခံရန်အဆင်သင့်ရှိကြောင်း၊ သို့သော် **ဘုရားသခင်၏ နှုတ်ကပတ်တော်၏အမှန်တရားများကို ငြင်းပယ်ကြမည့်အစား မိမိတို့၏ကျောကုန်းများကို ကြာ ပွတ်များနှင့်ရိုက်နှက်ခံခြင်းသို့၄င်း၊ မိမိတို့ပါးစပ်များကို ပိတ်ဆို့ခံခြင်းသို့၄င်း၊ မိမိတို့ခန္ဓာကိုယ်များကို မီးဟုန်းဟုန်းရှို့ခံရခြင်းသို့၄င်း ပေးအပ်ကြပါမည်✡✡ဟု ကြေညာခဲ့ကြ၏။

ဝန်ခံချက်နှင့်အသနားခံလွှာက စပိန်အာဏာပိုင်များထံ မည်သည့်သက်ရောက်မှုမျှ မရှိခဲ့ပါ။ သို့သော် ပြန်လည်ပြုပြင်သောယုံကြည်သူများအားသွန်သင်ဖို့ရန် နည်းလမ်းကောင်းတခုတော့ ဖြစ် လာခဲ့ပါသည်။ ထို့ကြောင့် ဤဝန်ခံချက်သည် သခင်ခရစ်တော်အတွက် ညှင်းဆဲခြင်းကိုခံနေကြရ သောယုံကြည်သူတို့၏ ယုံကြည်ခြင်းကိုဖေါ်ထုတ်ရာဖြစ်လာပါသည်။ ထိုအချက်ကို ဝန်ခံချက် တွင်ပါဝင်နေသောအသုံးအနှုန်းများက ထင်ဟပ်ပြသနေပါသည်။ ဝန်ခံချက်စာပိုဒ်များက ဓမ္မဓိ ဌာန်ကျသောအယူဝါဒများကို စီစဉ်တကျဖေါ်ပြနေချိန်တွင်၊ တဖက်ကလည်း လေးနက်စွာပုဂ္ဂလိ ကဆန်နေကြောင်း စာပိုဒ်တိုင်းက **ကျွန်ုပ်တို့ယုံကြည်၏၊✡✡ **ကျွန်ုပ်တို့ယုံ ကြည်ဝန်ခံကြပါသည်၊✡✡ (သို့) **ကျွန်ုပ်တို့အားလုံးက စိတ်နှလုံးဖြင့်ယုံကြည်ကြ၍ နှုတ်ဖြင့်ဝန်ခံကြပါသည်✡✡ ဆိုသည့်စကားများဖြင့် စတင်နေခြင်းက သက်သေပြနေကြ၏။

ဤဝန်ခံချက်ကို (၁၆)ရာစုနှစ်ကကျင်းပခဲ့ကြသော အသင်းတော်ညီလာခံအတော်များများ၌ ခံယူကျင့်သုံးခဲ့ကြပါသည်။ ထို့နောက် ဂရုတစိုက်ပြန်လည်ပြင်ဆင်ခဲ့ကြပြီး၊ (၁၆၁၈-၁၆၁၉)တွင် ကျင်းပခဲ့သည့် **ဒေါ့(ထ်)ညီလာခံကြီး✡✡၌ အတည်ပြုလက်ခံကျင့်သုံးခဲ့ကြပါသည်။ ထိုအချိန်မှစ၍ ယနေ့တိုင်အောင် ကျွန်ုပ်တို့၏ **သုံးပါးစုံညီယုံကြည်ချက်✡✡၌ပါလာခဲ့တော့၏။

## စာပိုဒ် (၁)

ရှုပ်ထွေးခြင်းမရှိသော၊ ဝိညာဉ်ဖြစ်တော်မူသော၊ ဘုရားသခင်ဟုခေါ်သည့်ဘုရားတဆူ တည်းသာရှိ၏ဟု၊ ကျွန်ုပ်တို့အားလုံးသည် စိတ်နှလုံးဖြင့်ယုံကြည်ကြ၍နှုတ်ဖြင့်ဝန်ခံကြပါ၏။ ထို ဘုရားသခင်သည် ထာဝရဖြစ်တော်မူ၏၊ သူ၏အကြောင်းကိုသိ၍မကုန်နိုင်ဖြစ်တော်မူ၏၊ မျက်

မြင်မရဖြစ်တော်မူ၏၊ ပြောင်းလဲခြင်းမရှိသူဖြစ်တော်မူ၏၊ ထာဝရဖြစ်တော်မူ၏၊ ပြည့်စုံသော ဉာဏ်ပညာတော်၊ ဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်းတို့ကို ပိုင်ဆိုင်တော်မူ၏။ ထို့အပြင် ကောင်းမြတ်ခြင်းများအားလုံးကြွယ်ဝစွာစီးဆင်းထွက်လာသည့် စမ်းရေပေါက်ဖြစ်တော်မူ၏။

## စာပိုဒ် (၂)

## ထိုဘုရားသခင်သည် သူ့အားကျွန်ုပ်တို့သိနိုင်ရန် ဖေါ်ပြသည့်နည်းလမ်းများ

နှစ်ခုသောနည်းလမ်းဖြင့် ဘုရားသခင်အား ကျွန်ုပ်တို့သိရှိပါသည်။ ပထမအနေနှင့်၊ ကျွန်ုပ် တို့၏မျက်စိရှေ့တွင် အလွန်ပင်ရသမြောက်တင့်တယ်လှပသည့် စာအုပ်သဖွယ်ဖြစ်သော ဖန်ဆင်း တော်မူခြင်း၊ ထိုဖန်ဆင်းသည့်အရာများကို စောင့်ရှောက်တော်မူခြင်း၊ အုပ်စိုးတော်မူခြင်းစသည်တို့ အားဖြင့်ဖြစ်သည်။ ထိုသို့ ဘုရားသခင်ဖန်ဆင်းသည့် ကြီးမားသောအရာများသည်၄င်း၊ သေးငယ် သောအရာများသည်၄င်း၊ များလှစွာသောဂုဏ်လက္ခဏာအမျိုးမျိုးတို့ကို ပိုင်ဆိုင်ကြရကား၊ ထိုများပြားလှစွာသောဂုဏ်လက္ခဏာများက ကျွန်ုပ်တို့ကို မျက်စိနှင့်မြင်၍မရသည့် ဘုရားသခင်၏ဂုဏ် လက္ခဏာများဖြစ်ကြသော ဘုန်းကြီးတော်မူခြင်း၊ ဘုရားဖြစ်တော်မူခြင်းတို့ကို ဆင်ခြင်မိဖို့ရန်ဦး ဆောင်ကြ၏။ ထိုအကြောင်းကို တမန်တော်ရှင်ပေါလုက ရောမသြဝါဒစာ ၁း၂၀ တွင်ဖေါ်ပြထားပါသည်။ ထိုအရာများက ဘုရားသခင်ရှိကြောင်း လူသားကိုသဘောပေါက်စေရန် လုံလောက် သောသက်သေများဖြစ်စေ၍၊ ဆင်ခြေပေး၍မရသည့်အခြေအနေ၌ ထားခဲ့၏။ ဒုတိယအနေဖြင့်၊ ဘုရားသခင်သည် သူ၏သန့်ရှင်းတော်မူသောနှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့ထံ၌ ပို၍ပြည့်စုံ စွာ၊ ရှင်းလင်းစွာ မိမိကိုယ်ကိုထင်ရှားစေပါသည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ဘုန်းတော်နှင့် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအကြောင်းအတွက် ကျွန်ုပ်တို့သိရှိဖို့ရန် လိုအပ်သောအရာမှန်သမျှ ထို နှုတ်ကပတ်တော်၌ ပါဝင်ပါသည်ဟု ဆိုလိုခြင်းဖြစ်၏။

## စာပိုဒ် (၃)

## - ဘုရားသခင်၏နှုတ်ကပတ်တော်အကြောင်း

ဘုရားသခင်၏နှုတ်ကပတ်တော်သည် လူသား၏အလိုအားဖြင့် ကျွန်ုပ်တို့ထံသို့ရောက်ရှိလာ ခြင်း၊ လူသား၏အလိုဆန္ဒအားဖြင့် ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ၊ တမန်တော်ရှင်ပေတရုပြောသကဲ့ သို့၊ ဘုရားသခင်၏သန့်ရှင်းသူများသည် သန့်ရှင်းသောဝိညာဉ်တော်၏လှုံ့ဆော်မှုအားဖြင့် ဟော ပြောကြ၍သာဖြစ်ပေါ်လာကြ၏ဟု ကျွန်ုပ်တို့ခံဝန်ယုံကြည်ကြပါသည်။ ထို့နောက် ထိုနှုတ်ကပတ် တော်များသည် ကျွန်ုပ်တို့အတွက်နှင့်ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ရှိနေမည်အကြောင်း၊ ဘု ရားသခင်သည် သူ၏အထူးစောင့်ရှောက်တော်မူမှုအားဖြင့် သူ၏နှုတ်ကပတ်တော်များကို စာပေ အက္ခရာတင်ရေးသားရန်၊ ပရောဖက်များ၊ တမန်တော်များကိုစေခိုင်းခဲ့ပါသည်။ ထိုအထဲတွင် ဘု ရားသခင်ကိုယ်တော်တိုင် သူ၏လက်ချောင်းတော်များအားဖြင့်ရေးသားထားသော ပညတ်တော် ကျောက်ပြားနှစ်ချပ်လဲ အပါဝင်ဖြစ်၏။ ထို့ကြောင့် ထိုသို့သောရေးသားခြင်းများကို ကျွန်ုပ်တို့က သန့်ရှင်းသောသမ္မာကျမ်းစာတော်၊ ဘုရားသခင်၏သမ္မာကျမ်းစာတော်ဟုခေါ်ကြ၏။

## စာပိုဒ် (၄)

## သန့်ရှင်းသောသမ္မာကျမ်းစာတော်၌ပါဝင်သည့်စာအုပ်များ

သန့်ရှင်းသောသမ္မာကျမ်းစာတော်သည် စာအုပ်နှစ်အုပ်တွင်ပါဝင်သည်ဟု ကျွန်ုပ်တို့ ယုံ ကြည်ကြပါသည်။ ၄င်းတို့ကို ပဋိညာဉ်တရားတော်ဟောင်း၊ ပဋိညာဉ်တရားတော်သစ်ဟုခေါ်ပါ သည်။ ၄င်းတို့သည်သာ သမ္မာကျမ်းစာဖြစ်သည်ဟု စံနှုန်းများဖြင့်တိုင်းတာသည့်စာအုပ်များဖြစ်ကြ ၏။ ၄င်းတို့ကို သမ္မာကျမ်းစာမဟုတ်ပါဟု မည်သည်ကမျှစွတ်စွဲ၍မရပါ။ ထိုကျမ်းများကို ဘုရားသ ခင်၏အသင်းတော်က ဤသို့အမည်ပေးထားခဲ့ကြပါသည်။ ဓမ္မဟောင်းကျမ်းစာ၌ ပါဝင်သောစာ အုပ်များမှာ၊-

မောရှေရေးသားခဲ့သောစာအုပ်ငါးအုပ်၊အမည်အားဖြင့် - ကမ္ဘာဦးကျမ်း၊ ထွက် မြောက်ရာကျမ်း၊ ဝတ်ပြုရာကျမ်း၊ တောလည်ရာကျမ်း၊ တရားဟောရာကျမ်း။ ယောရှုမှတ်စာ၊ ရှုသ ဝတ္ထု၊ တရားသူကြီးမှတ်စာ၊ ဓမ္မရာဇဝင် ပထမစောင်၊ ဒုတိယစောင်၊ တတိယစာင်၊ စတုတ္ထစောင်၊ (ပါရာလီပိုမဲနွန်း -

ကျန်ရှိသေးသည့်အရာများဟု အများကခေါ်ကြသည့်) ရာဇဝင်ချုပ် ပထမ စောင်၊ ဒုတိယစောင်။ ဇေရမှတ်စာ၊ နေဟမိမှတ်စာ၊ သေတာဝတ္တု၊ ယောဘဝတ္တု၊ ဒါဝိတ်မင်းကြီး၏ဆာလံကျမ်းများ၊ ရှောလမုန်မင်းကြီးရေးသားသည့်စာအုပ်သုံးအုပ်၊ အမည်အားဖြင့် - သုတ္တံ ကျမ်း၊ ဒေသနာကျမ်း၊ ရှောလမုတ်သီချင်း။ ပရောဖက်ကြီးများ၏ စာအုပ်လေးအုပ် - ဟေရှာယအနာဂတ္တိကျမ်း၊ ယေရေမိအနာဂတ္တိကျမ်း၊ ယေဇကျေလအနာဂတ္တိကျမ်း၊ ဒံယေလအနာဂတ္တိ ကျမ်း။ ပရောဖက်ငယ်များ၏စာအုပ်တဆယ့်နှစ်အုပ် - ဟောရှေအနာဂတ္တိကျမ်း၊ ယောလအနာဂ တ္တိကျမ်း၊ အာမုတ်အနာဂတ္တိကျမ်း၊ ဩဗဒိအနာဂတ္တိကျမ်း၊ ယောနအနာဂတ္တိကျမ်း၊ မိက္ခာအနာဂ တ္တိကျမ်း၊ နာဟုံအနာဂတ္တိကျမ်း၊ ဟဗက္ကုအနာဂတ္တိကျမ်း၊ ဇေဖနိအနာဂတ္တိကျမ်း၊ ဟဂ္ဂဲအနာဂတ္တိ ကျမ်း၊ ဇာခရိအနာဂတ္တိကျမ်း၊ မာလခိအနာဂတ္တိကျမ်း စသည်တို့ဖြစ်ကြပါသည်။

ဓမ္မသစ်ကျမ်းစာ၌ပါဝင်သောစာအုပ်များမှာ၊- ခရစ်ဝင်ကျမ်းလေးကျမ်းဖြစ်သည့် --ရှင်မဿဲ၊ ရှင်မာကု၊ ရှင်လုကာ၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်းများ။ တမန်တော်ဝတ္တု၊ ရှင်ပေါလု၏တဆယ့် လေးခုသောဩဝါဒစာများဖြစ်သည့် ရောမဩဝါဒစာ၊ ကောရိန်သုဩဝါဒစာနှစ်စောင်၊ ဂလာတိဩ ဝါဒစာ၊ ဧဖက်ဩဝါဒစာ၊ ကောလောသဲဩဝါဒစာ၊ သက်သာလောနိတ်ဩဝါဒစာနှစ်စောင်၊ တိ မောသေဩဝါဒစာနှစ်စောင်၊ တိတုဩဝါဒစာ၊ ဖိလေမုန်ဩဝါဒစာ၊ ဟေဗြဲဩဝါဒစာ။ အခြားတ မန်တော်များ၏ခုနှစ်စောင်သောဩဝါဒစာများဖြစ်သည့် ယာကုပ်ဩဝါဒစာ၊ ရှင်ပေတရုဩဝါဒစာ နှစ်စောင်၊ ရှင်ယောဟန်ဩဝါဒစာသုံးစောင်၊ ရှင်ယုဒဩဝါဒစာ၊ရှင်ယောဟန်၏ ဗျာဒိတ်ကျမ်း စ သည်တို့ဖြစ်၏။

## စာပိုဒ် (၅)

## သမ္မာကျမ်းစာများ ၎င်းတို့၏ဂုဏ်သိက္ခာနှင့်ဩဇာအာဏာကို ရရှိကြသည့်နေရာ

**အထက်၌ဖေါ်ပြသောကျမ်းစာအုပ်များကိုသာ ကျမ်းစာများအဖြစ် ကျွန်ုပ်တို့ လက်ခံရရှိကြ**ပါသည်။ ၎င်းတို့သည်သာ ကျွနုပ်တို့၏ယုံကြည်ခြင်းကို သတ်မှတ်ထိမ်းချုပ်ပေးရာ အခြေခံအုတ် မြစ်၊ အတည်ဖြစ်စေရာ၊ သန့်ရှင်းသောစံနှုန်းများနှင့်ကိုက်ညီသော သမ္မာကျမ်းစာများဖြစ်ကြ၏။ထို ကျမ်းစာများတွင်ပါဝင်သည့်အကြောင်းအရာများကို သံသယအနည်းငယ်မျှမရှိဘဲ ယုံကြည်ရခြင်းမှာ အသင်းတော်က သမ္မာကျမ်းစာများအဖြစ် ၎င်းတို့ကိုလက်ခံအတည်ပြု၍သာ မဟုတ်ဘဲ၊ ထို့ ထက်ပိုစွာ အထူးသဖြင့် သန့်ရှင်းသောဝိညာဉ်တော်က ကျွနုပ်တို့၏စိတ်နှလုံးထဲတွင် ထိုကျမ်းစာ များသည် ဘုရားသခင်ထံတော်မှလာသော နှုတ်ကပတ်တော်များဖြစ်သည်ဟု သက်သေခံသည်က တကြောင်း၊ ထိုစာအုပ်များကိုယ်၌က ၎င်းတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်များဖြစ်သည်ဟု သက်သေများကို မိမိတို့အထဲ၌ယူဆောင်ထားကြသဖြင့်၎င်း ယုံကြည်ကြရခြင်းဖြစ်၏။ မျက် စေ့ကန်းနေသူတဦးပင်လျှင် ထိုကျမ်းစာများထဲ၌ ကြိုတင်ဟောပြောထားချက်များသည် ပြည့်စုံ လျှက်ရှိနေကြောင်းကို နားလည်နိုင်ပါသည်။

## စာပိုဒ် (၆)

## သမ္မာကျမ်းစာအစစ်နှင့်ကျမ်းပယ်များကြားကွာခြားချက်

ကျွနုပ်တို့သည် ထိုမြင့်မြတ်သောသမ္မာကျမ်းစာများကို ကျမ်းပယ်များမှခွဲခြားလျှက်လက်ခံကြ၏။ ၎င်းကျမ်းပယ်များမှာ တတိယအက်(စ်)ဒရာ့(စ်)၊ တိုးဘီးယပ်(စ်)ကျမ်းစာအုပ်များ၊ ဂျူးဒစ်(သ်)၊ အသိပညာစာအုပ်၊ ဂျီးဇပ်(စ်)ဆိုင်းရ၊ ဘာရု၊ သေတာဝတ္တု၏နောက်ဆက်တွဲ၊ မီးလောင်ဖိုထဲတွင် သားသုံးယောက်သီကုံးသောသီချင်း၊ စုဆန်နာ၊ ခေါင်းလောင်းကြီးနှင့်နဂါးကြီးတို့၏သမိုင်း၊မနာရှေ ၏ဆုတောင်း၊ မက်ခါးဘီးကျမ်းစာနှစ်အုပ် စသည်တို့ဖြစ်ပါသည်။ ထိုစာအုပ်များကို အသင်းတော် အနေနှင့်ဖတ်ရှုခြင်းကို၎င်း၊ ထိုစာအုပ်တို့မှနေ၍ သင်ခန်းစာများရယူခြင်းကို စစ်မှန်သောသမ္မာ ကျမ်းစာများနှင့် ကိုက်ညီသ၍အတိုင်းအတာအထိ ပြုလုပ်နိုင်ပါသော်လည်း၊ ၎င်းစာအုပ်များမှ အ ကြောင်းတစုံတရာကိုယူ၍ ကျွနုပ်တို့၏ယုံကြည်ခြင်းတစုံတရာကိုသော်၎င်း၊ (သို့) ခရစ်ယာန်ဘာ သာမှ တစုံတခုသောခံယူချက်ကိုသော်၎င်း သေချာစေလောက်ရန် ဩဇာအာဏာနှင့် အနှစ်သာရ မရှိပါ။စစ်မှန်သောသမ္မာကျမ်းစာများ၏ဩဇာအာဏာကိုဆုတ်ယုတ်သွားစေရန်မှုလုံးဝမဖြစ်နိုင်ပါ။

## စာပိုဒ် (၇)

## ယုံကြည်ခြင်းအတွက်တစ်ခုတည်းသောဥပဒေသအဖြစ် သန့်ရှင်းသောသမ္မာကျမ်းစာ၏လုံလောက်မှု

ထိုသန့်ရှင်းသောသမ္မာကျမ်းစာတော်တွင် ဘုရားသခင်၏အလိုတော်များပါရှိလျှက်၊ လူသား တယောက်ကယ်တင်ခြင်းရဖို့ရန် ယုံကြည်သင့်သည့်အရာများကို လုံလောက်စွာသွန်သင်ထား၏ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ ထို့ကြောင့် ထိုသမ္မာကျမ်းစာထဲတွင် ဘုရားသခင်က သူ့အားမည်သို့ ကိုးကွယ်ဝတ်ပြုရမည်ဆိုသည့်နည်းလမ်းများ၊ တောင်းဆိုချက်များကို အကျယ်တဝင့်ဖေါ်ပြထား သည်ဖြစ်ရကား၊ တမန်တော်ကြီးများဖြစ်စေ မည်သို့သောသူကမဆို၊ ထိုသမ္မာကျမ်းစာတော်မြတ် က ကျွန်ုပ်တို့အားသွန်သင်သည့်အမှန်တရားကို၊ ဆန့်ကျင်လျှက် သွန်သင်ခြင်းသည် လုံးဝမှားယွင်း၏။ ရှင်ပေါလုကပြောခဲ့သကဲ့သို့ ကောင်းကင်ဘုံမှ ကောင်းကင်တမန်ကပင် ထိုသို့ဆန့်ကျင်၍ မ သွန်သင်ရပါ။ ထို့အပြင် ထိုသမ္မာကျမ်းစာတော်မြတ်ကို ထပ်မံဖြည့်စွက်ခြင်း (သို့) နုတ်ယူခြင်းမပြု ရပါဟု တားမြစ်ထားရကား၊ ထိုသမ္မာကျမ်းစာ၏သွန်သင်ချက်များသည် အလွန်ကောင်းမွန်တိကျ သော အဘက်ဘက်၌လိုလေသေးမရှိပြည့်စုံသော သွန်သင်ချက်များဖြစ်သည်မှာထင်ရှားလှ၏။ ထို့ ကြောင့် ထိုဘုရားသခင်၏သမ္မာကျမ်းစာတော်မြတ်ကို လူသားတို့ရေးသားသောစာအုပ်များနှင့်၊ ထို ရေးသားသည့်လူသားတို့ မည်မျှပင်သန့်ရှင်းသူများဖြစ်စေကာမူ၊ တန်းတူဖြစ်သည်ဟု ကျွန်ုပ်တို့က မှတ်ယူခြင်းမရှိကြပါ။ ထို့အတူ ဓလေ့ထုံးစံများ၏သွန်သင်မှုကိုသော်၎င်း၊ လူအများလက်ခံသွန် သင်ယုံကြည်မှုကိုသော်၎င်း၊ ရှေးခေတ်ဟောင်း၏သွန်သင်မှုများကိုသော်၎င်း၊ ခေတ်အဆက်ဆက် မှ ပုဂ္ဂိုလ်အဆက်ဆက်တို့၏ သွန်သင်မှုများကိုသော်၎င်း၊ အစည်းအဝေးကြီးများ၏ဆုံးဖြတ်ချက် များ၊ အမိန့်တော်များ၊ ဥပဒေသများကိုသော်၎င်း၊ ထိုသမ္မာကျမ်းစာ၏သွန်သင်မှုများနှင့် တန်းတူ ဖြစ်သည်ဟု ကျွန်ုပ်တို့မယူဆမသတ်မှတ်သင့်ပါ။ သမ္မာကျမ်းစာကသွန်သင်သောအမှန်တရားတို့ သည် ဤအရာများအားလုံး၏အထက်၌ရှိ၏။ လူသားတို့မှာမူလိမ်ညာသူများသာဖြစ်၍ အနတ္တ သက်သက်ထက်ပင် အနတ္တဖြစ်ကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် စိတ်နှလုံးအကြွင်းမဲ့ဖြင့် ဤမ မှားယွင်းနိုင်သော သမ္မာကျမ်းစာ၏ဥပဒေသများနှင့် ကွဲလွဲမှုမှန်သမျှကိုငြင်းပယ်ကြ၏။ ထို့ကြောင့် ပင် တမန်တော်ကြီးများက ကျွန်ုပ်တို့ကိုဤသို့သွန်သင်ပါသည်၊- ဝိညာဉ်များကို ဘုရားသခင်ထံမှ လာသောဝိညာဉ်များဟုတ်မဟုတ် စစ်ဆေးကြလော့၊ ထို့အတူ၊ သင်တို့ထံသို့တစုံတယောက်လာ လျှင် ဤသမ္မာကျမ်းစာ၏သွန်သင်ချက်များကိုမယူဆောင်လာပါက ထိုသူကို သင်တို့အိမ်၌လက်မ ခံကြနှင့်ဟု သွန်သင်ထားကြပါသည်။

## စာပိုဒ် (၈)

## ဘုရားသခင်သည် အနှစ်သာရအားဖြင့် တဆူတည်းသာဖြစ်ခြင်း၊ သို့သော် ပုဂ္ဂိုလ်အားဖြင့်မူ သုံးပါးဖြစ်တော်မူခြင်း။

ဤအမှန်တရားအားဖြင့်၎င်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့်၎င်း ဘုရားသခင်တ ဆူတည်းသာရှိ၏ဟူ၍ ကျွန်ုပ်တို့ယုံကြည်ကြ၏။ ထိုဘုရားသခင်သည် အနှစ်သာရအားဖြင့် တဆူ တည်းသာဖြစ်လျှက် ပုဂ္ဂိုလ်အားဖြင့်သုံးပါးဖြစ်တော်မူ၏။ ထိုသို့သုံးပါးတဆူဖြစ်နေသည်မှာ အမှန် တကယ်ပင်ဖြစ်၍ ထာဝရကာလမှနေ၍၊ လူသားတို့ကပိုင်ဆိုင်နိုင်ခြင်းမရှိသော၊ ၎င်းတို့၏ဂုဏ်လ က္ခဏာပိုင်ဆိုင်မှုများနှင့်နည်ရှိလျှက်ရှိနေ၏။ ၎င်းသုံးပါးတဆူကို အမည်အားဖြင့် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ဟုခေါ်၏။ ခမည်းတော်သည် ဖြစ်ပွားစေသူ၊ မူလအရင်းအ မြစ်၊ မျက်မြင်ရသောအရာဖြစ်စေ၊ မမြင်ရသောအရာဖြစ်စေ အရာခပ်သိမ်းတို့၏အစပြုရာဖြစ် တော်မူ၏။ သားတော်သည် နှုတ်ကပ်တော်၊ ဉာဏ်ပညာတော်၊ ခမည်းတော်၏ပုံသဏ္ဍာန်တော် ဖြစ်တော်မူ၏။ သန့်ရှင်းသောဝိညာဉ်တော်သည် ခမည်းတော်နှင့်သားတော်ထံမှထွက်ပေါ်လာသူ၊ ထာဝရဘုန်းတန်ခိုးတော်နှင့်တန်ခိုးစွမ်းအားဖြစ်တော်မူ၏။ သို့ပင်ဖြစ်သော်ငြားလည်း၊ဘုရားသခင် သည် ဤသို့သောကွဲပြားခြင်းကြောင့် အပိုင်းသုံးပိုင်းကွဲ၍မနေပါ။ ထို့ကြောင့်သမ္မာကျမ်းစာက ထို ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့သည် အသီးသီးပင်ကိုယ်စရိုက်လက္ခဏာ များရှိကြလျှက်၊ ထိုသို့ပိုင်ဆိုင်ကြသည့်ဂုဏ်သတ္တိများအားဖြင့် ကွဲပြားကြ၏ဟု ကျွန်ုပ်တို့ကို သွန် သင်ပါသည်။ ထို့ကြောင့် ခမည်းတော်သည် သားတော်မဟုတ်၊ သားတော်သည်လည်းခမည်းတော် မဟုတ်ပါ။ ထို့အတူ သန့်ရှင်းသောဝိညာဉ်တော်သည်

ခမည်းတော်လည်းမဟုတ်သလို၊ သားတော် လည်းမဟုတ်ပါဆိုသည်မှာ ထင်ရှားလျှက်ရှိ၏။ သို့ပင်ဖြစ်သော်ငြားလည်း ထိုသုံးပါးတို့ ဤသို့ခြားနားနေကြခြင်းသည် တကွဲတပြားဖြစ်နေကြခြင်းမဟုတ်သကဲ့သို့ ရောနှောနေကြခြင်းလည်းမဟုတ် ပါ။ အဘယ်ကြောင့်ဆိုသော် ခမည်းတော်သည် လူ့ဇာတိကိုခံယူတော်မမူသကဲ့သို့ ဝိညာဉ်တော် ကလည်း လူ့ဇာတိကို ခံယူတော်မမူပါ။ သားတော်ကသာ လူ့ဇာတိကိုခံယူတော်မူ၏။ သားတော်မ ရှိဘဲ ခမည်းတော်သည် မည်သည့်အခါကမျှ မရှိခဲ့သလို၊ သန့်ရှင်းသောဝိညာဉ်တော်မရှိဘဲ ခမည်းတော်သည်မည်သည့် အခါကမျှမရှိခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းသုံးပါးတို့သည် ထာဝရဖြစ် ၍ တခုတည်းသောအခြေခံပေါ်၌ ဖြစ်တည်နေကြ၏။ ပထမဖြစ်ခြင်း၊ နောက်ဆုံးဖြစ်ခြင်းတို့မရှိပါ။ ၎င်းတို့သည် မှန်ကန်တော်မူခြင်း၌၎င်း၊ ဘုန်းတန်ခိုးအရာ၌၎င်း၊ ကောင်းမြတ်တော်မူခြင်း၌၎င်း၊ဂရု ဏာတော်ရှိခြင်း၌၎င်း သုံးပါးတဆူဖြစ်တော်မူ၏။

## စာပိုဒ် (၉)

## အထက်ဖေါ်ပြပါသုံးပါးတဆူမှန်ကန်သည့်အကြောင်းသက်သေ

အထက်ပါအကြောင်းအရာများသည်မှန်ကန်ကြောင်းကျွန်ုပ်တို့သည်သမ္မာကျမ်းစာကဖေါ်ပြ၍ ၎င်း၊ ထိုသုံးပါးတို့၏လုပ်ဆောင်မှုများကို ကျွန်ုပ်တို့၏ဘဝ၌တွေ့ကြုံခံစားရခြင်းဖြင့်၎င်း သိရှိကြပါ သည်။ ထိုသို့သန့်ရှင်းသောသုံးပါးတဆူဘုရားအကြောင်းကို ယုံကြည်ရန် ဓမ္မဟောင်းကျမ်းစာ၌ လည်း နေရာအများတွင်ရေးသားဖေါ်ပြလျှက် သမ္မာကျမ်းစာက သက်သေများပေးထားရာ၊ ထို ကျမ်းစာပိုဒ်များအားလုံးကို တခုခြင်းရေတွက်စရာပင်မလိုပါ။ ထိုအထဲမှ အချို့ကိုသာလျှင် နားလည်သဘောပေါက်ဆုံးဖြတ်ချက်ချနိုင်ရန် ရွေးချယ်ဖေါ်ပြပါမည်။ ကမ္ဘာဦးကျမ်း ၁း၂၆-၂၇ တွင် ဘုရားသခင်ကဤသို့ပြောထားပါ၏၊- ငါတို့ပုံသဏ္ဍာန်နှင့်တညီတသဏ္ဍာန်တည်းလူကိုဖန်ဆင်းကြ စို့ . . . . စသည်ဖြင့် . . . . ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အ ညီလူကိုဖန်ဆင်းတော်မူ၏။ ထိုသို့ လူယောက်ျားနှင့်လူမိန်းမကိုဖန်ဆင်းတော်မူ၏။ တဖန် ကမ္ဘာဦးကျမ်း ၃း၂၂ ၌၊- ထာဝရဘု ရားသခင်ကလည်း၊ လူသည် ငါတို့တွင် တပါးပါးကဲ့သို့ဖြစ်၍ . . . . ဟုဆိုထားပြန်၏။ ငါတို့နှင့် တသဏ္ဍာန်တည်းဆိုသည့်စကားကိုကြည့်ခြင်းဖြင့် ဘုရားဖြစ်တော်မူခြင်းတွင် ပုဂ္ဂိုလ်တပါးထက်မ ကရှိကြောင်း သိသာထင်ရှားနေ၏။ ထို့အပြင် ဘုရားသခင်ဖန်ဆင်းတော်မူ၏ဟု ကျမ်းစာရေးသူ ကပြောခြင်းမှာ၊ ထိုဘုရားဖြစ်တော်မူခြင်းထဲမှ ပုဂ္ဂိုလ်တို့၏တလုံးတဝည်းဖြစ်မှုကိုထင်ရှားစေ၍ဖြစ်၏။ ထိုသို့ပြောရာ၌ ကမ္ဘာဦးကျမ်းရေးသူက ပုဂ္ဂိုလ်ဘယ်နှစ်ပါးရှိသည်ဟူ၍ဖေါ်ပြခြင်းမရှိခဲ့ပါ။ ထို သို့ ဓမ္မဟောင်းကာလ၌ ကျွန်ုပ်တို့အတွက် ရှင်းလင်းဟန်မရှိခဲ့သော အမှန်တရားသည် ဓမ္မသစ် ကျမ်းစာတွင် လွန်စွာမှပင်ရှင်းလင်းလာခဲ့၏။ ကျွန်ုပ်တို့၏သခင်ဘုရား ယော်ဒန်မြစ်၌ဗတ္တိဇံမင်္ဂလာ ခံချိန်တွင်ဖြစ်၏။ ထိုနေရာ၌ ဤသူကား ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေးတည်းဟုပြော သည့် ခမည်းတော်ဘုရား၏အသံကို ကြားရ၏။ သားတော်ဘုရားသည် ရေ၌ရှိနေခဲ့၏။ သန့်ရှင်းသောဝိညာဉ်တော်ကို ချိုးငှက်အသွင်သဏ္ဍာန်နှင့်ထင်ရှားတော်မူကြောင်းမြင်ရ၏။ ဤပုံစံကို သ ခင်ခရစ်တော်က ယုံကြည်သူများဗတ္တိဇံပေးရာ၌သုံးရန်လည်း သတ်မှတ်ထားခဲ့၏။ သင်တို့ လူမျိုးတကာကို ငါ့တပည့်ဖြစ်စေလျှက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗ တ္တိဇံကိုပေးကြလော့ဟူ၍ဖြစ်၏။ ရှင်လုကာခရစ်ဝင်ကျမ်း၌လည်း ကောင်းကင်တမန်ဂါဗြေလက ကျွန်ုပ်တို့သခင်ဘုရား၏မိခင်မာရိအား သတင်းစကားပြောခဲ့ပုံကို ဤသို့ဖေါ်ပြထားသည်၊- သန့် ရှင်းသောဝိညာဉ်တော်သည် သင်၏အပေါ်သက်ရောက်တော်မူ၍၊ အမြင်ဆုံးသောဘုရား၏တန်ခိုးအာနုဘော်တော်သည် သင့်ကိုလွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့် ထိုသန့်ရှင်းသောသားသည် လည်း ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကိုခံလိမ့်မည်။ ထို့အတူ ကောင်းချီးပေးရာ၌လည်း ကျွန်ုပ်တို့သခင်ယေရှုခရစ်တော်၏ကျေးဇူးတော်သည်၎င်း၊ ဘုရားသခင်၏ချစ်ခြင်းမေ တ္တာတော်သည်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏မိတ်သဟာယဖွဲ့တော်မူခြင်းသည်၎င်း သင်တို့ နှင့်အတူရှိပါစေသော်ဝ်ဟုပေးရန် ဖေါ်ပြထား၏။ ဤနေရာများအားလုံး၌ သမ္မာကျမ်းစာတော်မြတ် က ကျွန်ုပ်တို့ကို တဆူတည်းသောဘုရားသခင်၌ ပုဂ္ဂိုလ်သုံးပါးရှိတော်မူ၏ဟု ပြည့်ဝစွာသွန်သင် ထား၏။ ထို့ကြောင့်ဤအမှန်တရားသည် လူသား၏နားလည်နိုင်စွမ်းအားလုံးကို ကျော်လွန်သည့် တရားဖြစ်နေသော်လည်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကဖေါ်ပြသဖြင့် ကျွန်ုပ်တို့ယုံကြည်ကြ ခြင်းဖြစ်ပြီး၊ တမလွန်ကောင်းကင်ဘုံရောက်မှသာ ဤအမှန်တရားကို ပြည့်ဝစွာသိနားလည်ခြင်းနှင့် ထိုသို့သိရှိခြင်း၏အကျိုးကျေးဇူးကို ခံစားနိုင်မည်ဟုမျှော်လင့်လျှက်နေကြ၏။ ထို့အပြင် ထိုသုံးပါးတို့က တပါးစီအနေနှင့်

ကျွန်ုပ်တို့အတွက်မည်သည့်အရာများကိုလုပ်ဆောင်ကြသနည်းဆိုသည်ကို ဂရုတစိုက်လေ့ကြရမည်ဖြစ်၏။ ခမည်းတော်ဘုရား သခင်အား သူ၏ဘုန်းတော်ကိုထောက်လျှက် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ဟုခေါ်၏။ သားတော်ဘုရားသခင်အားသူ၏အသွေးတော်ကိုထောက်လျှက် ကျွန်ုပ်တို့၏ကယ်တင်ရှင်၊ အပြစ်များမှရွေးနှုတ်သူဟုခေါ်၏။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားကို ကျွန်ုပ်တို့အားသန့်ရှင်းစေသူဟုခေါ်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏စိတ်နှလုံး၌ကျိမ်းဝပ် သူဖြစ်သောကြောင့်ပင်။ ဤသန့်ရှင်းသောသုံးပါးတဆူအကြောင်းကို၊ စစ်မှန်သောအသင်းတော်သည် တမန်တော်များလက်ထက်မှနေ၍ ခုခံယုံကြည်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ ထိုသို့ ခု ခံယုံကြည်ထိန်းသိမ်းခဲ့ရာ၌၊ ဂျူးလူမျိုးများ၏ယုံကြည်ချက်၊ မဟာမေဒင်များ၏ယုံကြည်ချက်၊ အချို့ သောမှားယွင်းသည့် ခရစ်ယာန်အယူဝါဒများဖြစ်ကြသည့် မာဆီးယွန်းအယူဝါဒ၊ မနီး(စ်)အယူဝါဒ၊ ပရာဇီးယပ်(စ်)အယူဝါဒ၊ စဘဲလီးယပ်(စ်)အယူဝါဒ၊ ဆာမိုစတန်းနပ်(စ်)အယူဝါဒ၊ အေးရီးယပ်(စ်)အယူဝါဒ စသည်များ၊ ၎င်းတို့နှင့်ဆင်တူသော သုံးပါးတဆူအမှန်တရားကိုဆန့်ကျင်သည့်မည်သို့ သောအယူဝါဒမျိုးကိုမဆို ဆန့်ကျင်လျှက်ယုံကြည်ခဲ့ကြခြင်းဖြစ်၏။ ထိုသို့သောမှားယွင်းသည့်အယူဝါဒများကို၊ စစ်မှန်သောအသင်းတော်မှ ယုံကြည်ခြင်း၏ဘခင်ကြီးများက အမှန်တရားနှင့်အညီ၊ မှားယွင်းကြောင်းကို သတ်မှတ်ခဲ့ကြပြီးဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယုံကြည်ခြင်းဘခင်ကြီးများကယုံကြည်ဝန်ခံခဲ့ကြသော ခံဝန်ချက်သုံးမျိုးကိုဆက်လက်၍လက်ခံကြ၏။ ၎င်းသုံးမျိုးတို့မှာ၊- တမန်တော်ကြီးများ၏ခံဝန်ချက်၊ နိုက်စီးခံဝန်ချက်၊ အာသန်နေးဆီးယပ်(စ်)ခံဝန်ချက် စသည်တို့ ဖြစ်၏။ ထို့အတူ ရှေးယုံကြည်သူကြီးများယုံကြည်ခဲ့ကြသည့် ခံဝန်ချက်များနှင့်တူညီသမျှသောယုံ ကြည်ဝန်ခံချက်များကိုလည်း လက်ခံကြ၏။

## စာပိုဒ် (၁၀)

## သခင်ယေရှုခရစ်တော်သည် စစ်မှန်သောထာဝရဘုရားဖြစ်တော်မူခြင်း

သူ၏ဘုရားဇာတိတော်ကိုထောက်ရှုလျှက် သခင်ယေရှုခရစ်တော်သည်ဘုရားသခင်၏တပါး တည်းသောသားတော်ဖြစ်ကြောင်း၊ ထာဝရကာလမှပင်ရှိတော်မူကြောင်း၊ ဖန်ဆင်းခြင်းအားဖြင့်ဖြစ် ပေါ်လာသူမဟုတ်ကြောင်းကို ကျွန်ုပ်တို့ယုံကြည်ကြ၏။ (ဖန်ဆင်းခြင်းအားဖြင့်ဖြစ်ပေါ်လာခဲ့သူဖြစ် ပါက ဖန်ဆင်းခံသတ္တဝါတပါးသာဖြစ်လိမ့်မည်) ထိုသခင်ခရစ်တော်သည် ခမည်းတော်ဘုရားနှင့် အတူ၊ ထာဝရကာလမှပင်တည်ရှိနေသူ၊ ဘုရားသခင်၏ပုံသဏ္ဍာန်တော်ကိုဖေါ်ပြသူ၊ ဘုရားသခင့် ဘုန်းတော်၏တောက်ပခြင်း၊ ခမည်းတော်နှင့်အရာခပ်သိမ်း၌တူညီသူဖြစ်၏ဟု ယုံကြည်ပါသည်။ သမ္မာကျမ်းစာတော်၏ သက်သေခံချက်အားလုံးကို၎င်း၊ သွန်သင်ချက်များကို၎င်း၊ တခုနှင့်တခု နှိုင်းယှဉ်ခြင်းအားဖြင့် သခင်ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏အသွေးနှင့်အသားကို ယူတင်ဝတ် ဆောင်ချိန်မှသာ ဘုရားသခင်၏သားတော်ဖြစ်လာသည် မဟုတ်ပါ။ ထာဝရကာလမှနေ၍ဖြစ်လာ ခဲ့သူဖြစ်၏ဟုသိရပါသည်။ မောရှေက ကမ္ဘာကြီးအားဘုရားသခင်ဖန်ဆင်းတော်မူ၏ဟုပြောဆိုပြီး၊ ရှင်ယောဟန်က နှုတ်ကပတ်တော်သည်အရာခပ်သိမ်းကိုဖန်ဆင်းတော်မူ၏ဟုပြောဆိုလျှက်၊ ထို နှုတ်ကပတ်တော်သည် ဘုရားသခင်ပင်ဖြစ်၏ဟုဆိုထားပြန်၏။ ထို့နောက်ဆက်လက်၍ တမန် တော်ကြီးက ဘုရားသခင်သည် ကမ္ဘာလောကအားလုံးကို သူ၏သားတော်အားဖြင့်ဖန်ဆင်းတော်မူ၏ဟူ၍ဆက်လက်ပြောဆိုလျှက်၊ ထိုနည်းတူစွာ အရာခပ်သိမ်းကိုဘုရားသခင်သည် သခင်ယေရှုခ ရစ်တော်အားဖြင့်ဖန်ဆင်းတော်မူ၏ဟူ၍ဆက်လက်ပြောဆိုထားပြန်၏။ ထို့ကြောင့် ဤအချက်များကိုထောက်ရှုလျှက် ဘုရားသခင်၊ နှုတ်ကပတ်တော်၊ သားတော်၊ သခင်ယေရှုခရစ်တော် စသည့်အ မည်များအားဖြင့် ခေါ်ဆိုခြင်းခံရသူသည်၊ သူ့အားဖြင့် အရာခပ်သိမ်းကိုဖန်ဆင်းသည့်ကာလကထဲ က တည်ရှိတော်မူ၏ဟူ၍သာပြောရပါမည်။ ထို့ကြောင့်ပင် ပရောဖက်မိက္ခာက ထိုသခင်သည်ရှေး ကပ်ကမ္ဘာမှစ၍ ပေါ်ထွန်းသောသခင်ဖြစ်၏ဟုဆိုထားခြင်းဖြစ်သည်။ ထို့အတူ တမန်တော်ကြီးက လည်း ထိုသခင်၌ အစပြုသောနေ့များမရှိ၊ အသက်၏အဆုံးသတ်ဆိုသည်လည်းမရှိ ဖြစ်တော်မူ၏ ဟုပြောဆိုခဲ့ပါသည်။ ထို့ကြောင့် ထိုသခင်သည် ကျွန်ုပ်တို့ဆုတောင်းရာ၊ ကိုးကွယ်ရာ၊ အမှုတော် ဆောင်ရာ၊ စစ်မှန်တော်မူသော၊ ထာဝရဖြစ်တော်မူသော၊ ဘုန်းကြီးတော်မူသော ဘုရားသခင်ပင် ဖြစ်တော်မူ၏။

## စာပိုဒ် (၁၁)

**သန့်ရှင်းသောဝိညာဉ်တော်သည် စစ်မှန်သောထာဝရဘုရားဖြစ်တော်မူခြင်း**

သန့်ရှင်းသောဝိညာဉ်တော်သည် ထာဝရကာလမှနေ၍ ခမည်းတော်နှင့်သားတော်ထံမှ ထွက်ပေါ်လာသူဖြစ်ကြောင်း ကျွန်ုပ်တို့ယုံကြည်ဝန်ခံကြပါသည်။ ထို့ကြောင့် သန့်ရှင်းသောဝိညာဉ် တော်သည် ပြုလုပ်ခံရခြင်းအားဖြင့်၎င်း ဖန်ဆင်းခံရခြင်းအားဖြင့်၎င်း၊ ဖွားမြင်စေခြင်းဖြင့်၎င်း ဖြစ် ပေါ်လာသူမဟုတ်ပါ။ ထိုနှစ်ပါးဖြစ်သည့် သားတော်နှင့်ခမည်းတော်ထံမှပေါ်ထွက်လာလျှက်၊ သန့် ရှင်းသောသုံးပါးတဆူတွင် တတိယပုဂ္ဂိုလ်ဖြစ်လာခဲ့သူဖြစ်တော်မူ၏။ ခမည်းတော်ဘုရားနှင့်၎င်း၊ သားတော်ဘုရားနှင့်၎င်း၊ ဘုန်းတန်ခိုးတော်နှင့်ကြီးမြတ်တော်မူခြင်း၌ တလုံးတဝတည်း၊အနှစ်သာရ တခုတည်းဖြစ်တော်မူ၏။ ထို့ကြောင့်ပင် သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာကသွန် သင်ထားသည့်အတိုင်း စစ်မှန်တော်မူသော၊ ထာဝရဖြစ်တော်မူသော ဘုရားသခင်ဖြစ်တော်မူ၏။

## စာပိုဒ် (၁၂)

## ဖန်ဆင်းခြင်းအကြောင်း

ခမည်းတော်ဘုရားသခင်သည် နုတ်ကပတ်တော်ဖြစ်သည့် သူ၏သားတော်အားဖြင့်၊ ကောင်း ကင်၊ မြေကြီးနှင့် သတ္တဝါများအားလုံးကို ဘာမျှမရှိသောအခြေအနေမှနေ၍ဖန်ဆင်းခဲ့၏ဟူ၍ ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ ကောင်းမြတ်တော်မူခြင်းနှင့်လည်းဖန်ဆင်းတော်မူခဲ့ခြင်းဖြစ်၏။ ထို သို့ဖန်ဆင်းရာ၌ သတ္တဝါများအားလုံးတွင် ဖန်ဆင်းရှင်၏အမှုတော်ကို ထမ်းဆောင်နိုင်ဖို့ရာ၊ မိမိတို့၏ပုံသဏ္ဍာန်အလျှောက် ပုံစံ၊ အသက်ရှင်ခြင်းနှင့်၊ လုပ်ဆောင်ရမည့်လုပ်ငန်းဆောင်တာများအား ပေးတော်မူခဲ့ပါသည်။ ထိုဖန်ဆင်းတော်မူခဲ့သည့်အရာများအားလုံးကို ဘုရားသခင်သည် ယနေ့ တိုင်အောင်၊ သူ၏ထာဝရစောင်မတော်မူခြင်းဖြင့်၎င်း၊ အနန္တတန်ခိုးတော်အားဖြင့်၎င်းအုပ်စိုးတော် မူလျှက်ရှိ၏။ ထိုသို့အုပ်စိုးစောင့်ရှောက်ရသည်မှာ ထိုဖန်ဆင်းသည့်အရာများက လူသား၏လိုအပ် မှုများကိုဖြည့်စွမ်းနိုင်ဘို့ရာဖြစ်ပြီး၊ ထိုသို့ဖြင့်အဆုံး၌ လူသားကလည်း ဘုရားသခင်၏အမှုတော်ကို ထမ်းရွက်နိုင်ဖို့ရာဖြစ်သည်။ ထို့အပြင် ဘုရားသခင်သည် ကောင်းကင်တမန်များကိုလည်း သူ၏သ တင်းအားကြားပြောကြေညာသူများအဖြစ်နှင့်၎င်း၊ ဘုရားသခင်ရွေးကောက်ထားသူတို့၏အမှုကို ထမ်းရွက်သူများအဖြစ်နှင့်၎င်း ကောင်းမြတ်ခြင်း၌ဖန်ဆင်းတော်မူခဲ့၏။ ထိုဖန်ဆင်းထားသော ကောင်းကင်တမန်များထဲမှအချို့တို့သည် ၎င်းတို့၏မြင့်မြတ်သောအခြေအနေမှကျဆုံးခဲ့ကြ၍၊ ၎င်း ကျဆုံးခဲ့ကြသည့်ကောင်းကင်တမန်များအား ထာဝရပျက်စီးခြင်း၌ထားတော်မူ၏။ အခြားကောင်း ကင်တမန်များမှာ ကျေးဇူးတော်အားဖြင့် မိမိတို့၏ပထမနေရာတွင် ခိုင်မာစွာ ဆက်လက်ရပ်တည် နေကြ၏။ နတ်ဆိုးများနှင့်ဝိညာဉ်ဆိုးများသည် လွန်စွာမှပင်ဆိုးညစ်ပျက်စီးနေသူများဖြစ်လျှက်၊ ၎င်းတို့သည် ဘုရားသခင်နှင့်ကောင်းမြတ်သောအရာအားလုံး၏ရန်သူများဖြစ်ကြ၏။ ၎င်းတို့သည် လူသတ်သမားများသဖွယ် မိမိတို့၏တန်ခိုးအစွမ်းရှိသမျှကိုအသုံးပြုလျှက်၊ ဆိုးညစ်သောပရိယာယ် များဖြင့် ဘုရားသခင်၏အသင်းတော်အားလုံးနှင့် အသင်းသားတယောက်စီတိုင်းကို ဖျက်ဆီးပစ်ဖို့ ရန် အစဉ်စောင့်ကြည့်လျှက်နေကြ၏။ ထို့ကြောင့်၎င်းတို့သည် မိမိတို့၏ဆိုးညစ်ခြင်းများအတွက် ထာဝရပျက်စီးခြင်းနှင့်ထိုက်တန်သူများဖြစ်လျှက်၊ မိမိတို့ခံစားရမည့်ကြောက်မက်ဖွယ်အပြစ်ဒါဏ် ခတ်ခြင်းကို နေ့စဉ်ရက်ဆက်စောင့်စားနေသူများဖြစ်ကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဝိညာဉ် များနှင့်ကောင်းကင်တမန်များတကယ်ရှိသည် ဆိုသည့်အမှန်တရားကိုငြင်းပယ်ကြသည့် ဇဒုကဲတို့၏မှားယွင်းသည်သွန်သင်မှုကို ရွံရှာမုန်းတီးငြင်းပယ်ကြပါသည်။ ထို့အပြင် နတ်ဆိုးတို့သည် မိမိ တို့ဘာသာဖြစ်တည်လာကြပြီး၊ အပြစ်တရားထဲ၌ကျဆုံးခြင်းမရှိဘဲ ၎င်းတို့၏သဘာဝကိုယ်၌က ဆိုးညစ်ခြင်းသာဖြစ်ပါသည်ဟုသွန်သင်သည့် မနီးချီးဆိုသူနှင့်၎င်း၏နောက်လိုက်များ သွန်သင် သည်ကိုလည်း ရွံရှာမုန်းတီးငြင်းပယ်ကြပါသည်။

## စာပိုဒ် (၁၃)

## ဘုရားသခင်၏ထိန်းသိမ်းစောင့်မတော်မူခြင်း

ဘုရားသခင်သည် အရာခပ်သိမ်းကိုဖန်ဆင်းပြီးသည်နောက်၊ ထိုဖန်ဆင်းထားသည့်အရာ များကို ပစ်ထားခြင်းမရှိဘဲ (သို့) ဖန်ဆင်းထားသည့်အရာများကို ကံကြမ္မာနှင့်မတော်တဆကံအားလျော်စွာဖြစ်ပျက်ခြင်းတို့အောက်၌ ထားခဲ့ခြင်းမရှိဘဲ၊ ထိုဖန်ဆင်းထားသည့်အရာများကို မိမိ၏ သန့်ရှင်းသောအလိုတော်နှင့်အညီ အုပ်စိုးထိန်းချုပ်လျက်ရှိ၏ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ ထို့ ကြောင့် မည်သည့်အကြောင်းအရာမျှ ဘုရားသခင်၏အလိုတော်နှင့် ခွဲခန့်မှတ်သားတော်မူမှုမရှိဘဲ မဖြစ်လာနိုင်ပါဟု ယုံကြည်ကြပါသည်။ သို့ဖြစ်သော်လည်း ကျူးလွန်သမျှသောအပြစ်များကို ဘု ရားသခင်ကဖန်တီးဖြစ်ပွားစေခြင်းမရှိသကဲ့သို့ ဘုရားသခင်၌တာဝန်ရှိသည်ဟူ၍လည်း ပြောဆို၍ မရပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏တန်ခိုးတော်နှင့်ကောင်းမြတ်တော်မူခြင်းသည်လွန် စွာမှပင်ကြီးမားတော်မူ၍၊ နားလည်၍လည်းမကုန်နိုင်ပင်ဖြစ်ရကား၊ နတ်ဆိုးများနှင့်ဆိုးညစ်သော လူသားများက မည်မျှပင်ဖြောင့်မတ်ခြင်းမရှိစွာ နေထိုင်အသက်ရှင်ကြစေကာမူ၊ ဘုရားသခင်သည် သူ၏လုပ်ဆောင်မှုများကို အခမ်းနားဆုံးသော၊ အဖြောင့်မတ်ဆုံးသောနည်းလမ်းဖြင့်သာအကောင် အထည်ပေါ်ဖြစ်မြောက်စေပါသည်။ ထို့ကြောင့် ဘုရားသခင်က လူသားတို့၏နားလည်နိုင်မှုထက် ကျော်လွန်၍ လုပ်ဆောင်ထားသည့်အရာများကို ကျွန်ုပ်တို့သည် မိမိတို့၏နားလည်နိုင်စွမ်းမှကျော် လွန်၍ စပ်စုစွာနှင့်သိရှိနိုင်ဖို့ရာ မေးမြန်းခြင်းကိုမပြုကြပါ။ ထိုသို့ပြုမည့်အစား ကျွန်ုပ်တို့ထံမှ ဖုံးကွယ်လျက်ရှိသော ဘုရားသခင်၏ဖြောင့်မတ်တော်မူသည့်စီရင်ခြင်းများကို ကြီးစွာသောနှိမ့်ချမှုဖြင့် ရိုသေလေးစားမြတ်နိုးချစ်ခင်လျက်၊ မိမိတို့ဘာသာ သခင်ခရစ်တော်၏တပည့်တော်များဖြစ်ကြ သည်ဟု သိနားလည်စွာ၊ နှုတ်ကပတ်တော်တည်းဟူသောအကန့်အသတ်မှ ကျော်လွန်ခြင်းမရှိဘဲ၊ ဘုရားသခင်က သူ၏နှုတ်ကပတ်တော်ထဲတွင် ကျွန်ုပ်တို့အတွက်ဖော်ပြထားသောအရာများကိုသာ ကျေနပ်ရောင့်ရဲစွာနှင့်သင်ယူကြပါသည်။ ဤယုံကြည်ချက်ဩဝါဒက ကျွန်ုပ်တို့အား နှုတ်ဖြင့်ပြော ၍မထွက်သော စိတ်သက်သာဖွယ်နှစ်သိမ့်ခြင်းကိုပေး၏။ အဘယ်ကြောင့်ဆိုသော် ဤယုံကြည် ခြင်းက မည်သည့်အကြောင်းအရာတခုမျှ ကျွန်ုပ်တို့ထံသို့ မတော်တဆအားဖြင့် ရောက်ရှိလာခြင်းမရှိ၊ ကျေးဇူးတော်အပေါင်းနှင့်ပြည့်စုံတော်မူသော၊ ကောင်းကင်ဘုံ၌ရှိတော်မူသည့် အဘခမည်းတော်၏အလိုတော်အားဖြင့်သာရောက်ရှိကြောင်း ကျွန်ုပ်တို့ကိုသင်ကြားပါသည်။ ထိုခမည်းတော် သည် မိဘတို့၏ဂရုစိုက်ခြင်းမျိုးနှင့် ကျွန်ုပ်တို့ကိုဂရုစိုက်လျက်၊ ဖန်ဆင်းထားသည့်အရာများအားလုံးကို သူ၏တန်ခိုးတော်အောက်၌ထားရှိရကား၊ ကျွနုပ်တို့၏ဆံပင်တချောင်းသည်၄င်း(ထိုဆံပင် များအားလုံးကိုပင်ရေတွက်သိရှိတော်မူ၏)၊ စာငှက်တကောင်သည်ပင်၄င်း ခမည်းတော်၏အလိုမ ပါဘဲ မြေကြီးပေါ်သို့မကျနိုင်ပါ။ ထို့အပြင် နတ်ဆိုးနှင့်အားလုံးသောကျွန်ုပ်တို့၏ရန်သူများကို ဘု ရားသခင်ကထိန်းချုပ်သည်ဖြစ်၍၊ သူ၏အလိုတော်နှင့်ခွင့်ပြုချက်မပါဘဲ ကျွန်ုပ်တို့ကိုဒုက္ခမပေးနိုင် ပါဆိုသည်ကို ဤယုံကြည်ချက်ကသင်ကြား၏။ ထို့ကြောင့် ဘုရားသခင်သည် အရာခပ်သိမ်းကို ဂ ရုစိုက်ခြင်းမရှိဘဲ၊ ကံကြမ္မာ၏လက်သို့သာအပ်နှံခဲ့၏ဟုအပြစ်စီရင်ခြင်းခံထိုက်စွာ၊မှားမှားယွင်းယွင်း သွန်သင်သော အက်ပီကျူးရီးယန်းယုံကြည်ချက်ကို ကျွန်ုပ်တို့ငြင်းပယ်ကြပါသည်။

## စာပိုဒ် (၁၄)

## ဖန်ဆင်းတော်မူခြင်းအကြောင်း၊ လူသားအပြစ်တရားသို့ကျဆုံးခြင်းအကြောင်းနှင့် စစ်မှန်သောကောင်းမြတ်ခြင်းများကို လူသားက ပြုလုပ်ခြင်းငှာ မစွမ်းသာတော့သည့်အကြောင်း

ဘုရားသခင်သည် မြေမှုန့်မှနေ၍လူသားကို၊ မိမိပုံသဏ္ဍာန်တော်နှင့်အညီ၊ ကောင်းမြတ် ခြင်း၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းတို့၌ ဖန်ဆင်းတော်မူသဖြင့်၊ အရာခပ်သိမ်း၌ လူသားသည် ဘု ရားသခင်၏အလိုတော်အားလုံးကို သိရှိနိုင်စွမ်း၊ အလိုတော်နှင့်ကိုက်ညီစွာ လိုက်လျှောက်နိုင်စွမ်းရှိ၏ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ သို့သော် လူသားသည် မိမိရောက်နေသော ထိုချီးမြှောက် တော်မူခြင်းခံရသည့်အခြေအနေကို နားလည်သဘောပေါက်ခဲ့ခြင်းမရှိ၊ သူ၏မြင့်မြတ်သောအခြေ နေကိုလည်း သိရှိခြင်းမရှိဘဲ၊ မိမိ၏ဆန္ဒအလျှောက်အလိုရှိစွာနှင့် နတ်ဆိုးစကားကို နားထောင် ခြင်းအားဖြင့် မိမိကိုယ်ကို အပြစ်တရား၏အောက်သို့ရောက်ရှိစေခဲ့သည်။ နောက်ဆက်တွဲအားဖြင့် ကျိန်တော်မူခြင်းအောက်သို့၄င်း၊ သေခြင်းတရားအောက်သို့၄င်း ရောက်ရှိစေခဲ့ပါသည်။ ထိုသို့လူ သားသည် ဘုရားသခင်ထံတော်မှရရှိခဲ့သော ရှင်ခြင်းနှင့်ဆိုင်သည့်ပညတ်တော်ကိုချိုးဖောက်လျက် အပြစ်ပြုခြင်းအားဖြင့်၊ မိမိကိုယ်ကို စစ်မှန်သောရှင်ခြင်းကိုပေးပိုင်သည့် ဘုရားသခင်နှင့် ကွဲကွာ

စေခဲ့သည်။ ထိုသို့သောအားဖြင့် လူသားသည် မိမိ၏အသက်တာတခုလုံးကိုပျက်စီးစေလျှက် ခန္ဓာ ကိုယ်သေခြင်းနှင့်ထာဝရသေခြင်းတို့ကိုခံထိုက်သူဖြစ်လာခဲ့၏။ ထိုသို့နှင့်အညီ လူသားသည် သူ၏ အသက်တာတလျှောက်လုံး၌ ဆိုးညစ်သူ၊ လွဲမှားနေသူ၊ ပျက်စီးနေသူဖြစ်လာလျှက် ဘုရားသခင် ထံတော်မှရရှိခဲ့သည့် မြင့်မြတ်ကောင်းမွန်သည့်ဆုကျေးဇူးများအားလုံးကိုဆုံးရှုံးခဲ့သည်။ထိုသို့ဆုံးရှုံး ရာ၌ အချို့သောဆုကျေးဇူးအနည်းငယ်သည်သာ လူသားထံ၌ကျန်ရှိနေသေးသဖြင့်၊ ထိုကျန်ရှိနေ သေးသောဆုကျေးဇူးများက လူသားအားလုံးကို ဘုရားသခင်၏ရှေ့တော်၌ဆင်ခြေပေးနိုင်ခြင်းမရှိ သည့်အခြေအနေသို့ ရောက်စေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ထံ၌ရှိသည့် အားလုံးသောအလင်းတို့သည် မှောင်မိုက်အဖြစ်သို့ပြောင်းလဲခဲ့ပြီးဖြစ်ကြောင်းကို သမ္မာကျမ်းစာကဤသို့သွန်သင်၏ **အ လင်းသည်မှောင်မိုက်၌လင်း၍ မှောင်မိုက်သည်မခံမယူ။✡✡ ဤနေရာ၌ ရှင်ယောဟန်က လူသားတို့ ကို **မှောင်မိုက်✡✡ ဟုခေါ်ထားပါသည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် လူသား၏လွတ်လပ်စွာရွေးချယ် ပိုင်ခွင့်နှင့်ပတ်သက်၍ ဤအမှန်တရားကိုမလိုလားသည့်သွန်သင်မှုအားလုံးကိုငြင်းပယ်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် လူသားသည် အပြစ်တရား၏ကျေးကျွန်သာဖြစ်လျှက် ကောင်းကင်ဘုံမှ ပေးသနားတော်မူခြင်းမရှိပါက မိမိဘာသာ ဘာတခုမျှလုပ်ဆောင်နိုင်ခြင်းမရှိပါ။ ဤနေရာတွင် တစုံတဦးက မိမိဘာသာကောင်းမြတ်သည့်အကျင့်ကိုလုပ်ဆောင်နိုင်သည်ဟု ကြွားဝါနေပါက လည်း၊ သခင်ခရစ်တော်က **ငါ့ကိုစေလွှတ်တော်မူသောခမည်းတော်သည် သွေးဆောင်တော်မမူ လျှင် အဘယ်သူမျှငါ့ထံသို့မလာနိုင်၊ ဇာတိပကတိသဘောသည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အဘယ်သူသည် မိမိ၏အလိုဆန္ဒ၌ မိမိဘာသာချီးမြှောက်နိုင်ပါမည်နည်း၊ အ ဘယ်သူသည်နားလည်သနည်း၊ ဇာတိပကတိလူသည် ဘုရားသခင်နှင့်ဆိုင်သောအရာများကို မ ခံယူနိုင်ဖြစ်ရကား၊ အဘယ်သူသည် ဘုရားသခင်၏အသိပညာအကြောင်းကိုပြောဆိုနိုင်သနည်း✡✡ဟုမိန့်တော်မူထား၏။ အတိုချုပ်အားဖြင့်ပြောရလျှင်၊ မိမိသည် တစုံတဦးဖြစ်သည်ဟူ၍ပြောဆိုနိုင် ဖို့ရန် ပြည့်စုံလုံလောက်ခြင်းမရှိပါ။ ကျွန်ုပ်တို့၏ပြည့်စုံလုံလောက်မှုသည် ဘုရားသခင်ထံ၌သာရှိ တော်မူသည်ဟု သိရှိနေသူတယောက်က၊ အဘယ်သို့သောအတွေးအကြံမျိုးကို တင်ပြရဲပါသနည်းဟု မေးမြန်းနေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် တမန်တော်ကြီးက ဘုရားသခင်၏စိတ်တော်နှင့်တွေ့ ခြင်းကိုပြုလုပ်နိုင်ရန် ကျွန်ုပ်တို့အား အလိုရှိစေသူနှင့်လုပ်ဆောင်စေသူသည် ဘုရားသခင်သာဖြစ်၏ဟု မှန်ကန်စွာနှင့်ပြောဆိုခဲ့သည်ကို သေချာစွဲမြဲစွာယုံကြည်လက်ခံရပါမည်။ သခင်ခရစ်တော်က သာ ကျွန်ုပ်တို့ထံ၌ လုပ်ဆောင်ပေးခြင်းမရှိပါက၊ ကျွန်ုပ်တို့ထံ၌ ဘုရားသခင်၏အလိုတော်နှင့် ဉာဏ်ပညာတော်ကိုသိရှိလိုသည့် အလိုဆန္ဒသည်၎င်း၊ (သို့) အသိပညာသည်၎င်း၊ ဘုရားသခင်၏ အလိုဆန္ဒနှင့်ဉာဏ်ပညာတော်အတိုင်း လိုက်လျှောက်နိုင်စွမ်းသည်၎င်း မရှိနိုင်ပါ။ ထို့ကြောင့်ပင် သခင်ခရစ်တော်က **ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ✡✡ဟုသွန်သင်ခဲ့ ခြင်းဖြစ်၏။

## စာပိုဒ် (၁၅)

## မူလအပြစ်အကြောင်း

အာဒံ၏နာခံလိုက်လျှောက်မှုမရှိခြင်းကြောင်း မူလအပြစ်သည် လူသားအားလုံး၌ရောက်ရှိခဲ့၏ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ မူလအပြစ်ဆိုသည်မှာ လူသား၏ဇာတိသဘာဝတခုလုံး ပျက် စီးနေခြင်းဖြစ်၏။ မျိုးရိုးစဉ်ဆက်ဖြစ်သောရောဂါဖြစ်၍ ကလေးငယ်များလည်း အမိဝမ်းတွင်းရှိစဉ် ကပင် ကူးစက်ပြီးဖြစ်၏။ ထိုမူလအပြစ်သည် လူသား၌အမြစ်တွယ်လျှက်ရှိနေရာ၊ ၎င်း၏အသီးအ ပွင့်များဖြစ်သည့် အားလုံးသောအပြစ်များကို လူသားထံ၌ထွက်ပေါ်လာစေ၏။ ထို့ကြောင့်ပင် ထို မူလအပြစ်သည် ဘုရားသခင်၏ရှေ့တော်မှောက်၌ လွန်စွာမှပင်ဆိုးရွားရွံမုန်းဖွယ်ဖြစ်နေ၏။ ဤအ ကြောင်းကြောင့်ပင် လူသားအားလုံးသည် ဘုရားသခင်၏အပြစ်ဒဏ်ကို ခံထိုက်သူများဖြစ်လာကြ ၏။ စမ်းရေပေါက်မှနေ၍ ရေသည်အစဉ်ထွက်နေသကဲ့သို့ အပြစ်တရားသည်လည်း ဤမူလအ ပြစ်တည်းဟူသော စိတ်မချမ်းမြေ့ဖွယ်ဌာနေအမြစ်မှ အစဉ်ထွက်ပေါ်နေရကား၊ ၎င်းကို ဗတ္တိဇံမင်္ဂ လာအားဖြင့်လည်း ခြေဖျက်ပစ်၍မရပါ။ ထိုသို့ဖြစ်သော်လည်း ဘုရားသခင်၏သားသမီးများ၌မူ ထိုမူလအပြစ်ကိုမှတ်ယူခြင်းမရှိဘဲ ဘုရားသခင်၏ကျေးဇူးတော်နှင့်ဂရုဏာတော်ကြောင့် ခွင့်လွှတ် တော်မူခြင်းကိုရရှိကြ၏။ ထိုသို့ခွင့်လွှတ်တော်မူခြင်းကိုရရှိကြခြင်းသည် အပြစ်တရားအတွင်း၌စိတ် ချစွာနှင့်နားနေကြရန်မဟုတ်ပါ။ ထိုမူလအပြစ်အကြောင်းကို

ကောင်းစွာသိနားလည်ခြင်းက ယုံ ကြည်သူတို့ကို၊ ကြိမ်ဖန်များစွာ မိမိတို့၏သက်ပြင်းများကိုချလျှက်၊ ထိုမူလအပြစ်မှလွတ်မြောက်ရန်၊ ဤသေခြင်းနှင့်ဆိုင်သောခန္ဓာကိုယ်မှနေ၍ ကယ်လွတ်ခြင်းကိုရရှိလိုသည့်စိတ်မျိုး ဖြစ်ပေါ်လာစေ ရန်ဖြစ်သည်။ ထို့ကြောင့် အပြစ်တရားသည် အတုယူခြင်းမှနေ၍သာ ထွက်ပေါ်လာပါသည်ဟု မှားယွင်းစွာသွန်သင်သည့် ပလဲဂီးယန်း(စ်)တို့၏သွန်သင်မှုကို ကျွန်ုပ်တို့ ငြင်းပယ်ကြပါသည်။

## စာပိုဒ် (၁၆)

## ထာဝရရွေးကောက်တော်မူခြင်းအကြောင်း

အာဒံအမျိုးအနွယ်များဖြစ်သည့် လူသားအားလုံးသည် ၎င်းတို့၏ပထမဆုံးမိဘများကျူးလွန် ခဲ့ကြသည့်အပြစ်ကြောင့် ငရဲနှင့်ပျက်စီးခြင်းထဲသို့ ကျဆုံးခဲ့ကြ၏။ ထို့နောက် ဘုရားသခင်သည်သူ ၏ဂရုဏာတော်နှင့်ဖြောင့်မတ်တော်မူခြင်းအားဖြင့် မိမိဘာသာ၊ ထိုအပြစ်တရား၌ကျဆုံးနေကြ သော လူသားများထံသို့ ပေါ်လွင်ထင်ရှားပြတော်မူ၏ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ ဂရုဏာ တော်ဟုပြောဆိုရခြင်းမှာ ထိုသို့ အပြစ်တရား၌ကျဆုံးနေကြသော လူသားတရပ်လုံးမှနေ၍ ဘုရားသခင်သည် သူ၏ကောင်းမြတ်တော်မူမှုမှထွက်ပေါ်လာသည့် ထာဝရဖြစ်သော၊ ပြောင်းလဲခြင်းမရှိ သောအကြံအစည်တော်အားဖြင့် ကျွန်ုပ်တို့၏သခင်ခရစ်တော်၌ ရွေးကောက်ထားသောသူတို့ကို၊ ၎င်းတို့၏လုပ်ဆောင်မှုတခုကိုမျှထောက်ရှုခြင်းမရှိဘဲ၊ အားလုံးသောပျက်စီးခြင်းငရဲထဲမှနေ၍ကယ် လွတ်လျှက် စောင့်ရှောက်ထိန်းသိမ်းတော်မူသောကြောင့်ဖြစ်သည်။ ဖြောင့်မတ်တော်မူခြင်းဟုပြော ဆိုရသည်မှာ ထိုရွေးကောက်တော်မူခြင်း၌ မပါဝင်သူအားလုံးတို့ကို၊ ၎င်းတို့တည်ရှိပတ်သက်နေ ကြသည့် အပြစ်တရားထဲ၌ကျဆုံးနေသည့်အဖြစ်အနေနှင့်၊ ငရဲခံရမည့်အခြေအနေတို့၌ ထားခဲ့ သောကြောင့်ဖြစ်သည်။

## စာပိုဒ် (၁၇)

## အပြစ်တရား၌ကျဆုံးနေသောလူသားအား ပြန်လည်ကောင်းမွန်စေခြင်းအကြောင်း

ကျွန်ုပ်တို့၏ ကျေးဇူးတော်အပေါင်းနှင့်ကြွယ်ဝတော်မူသော ဘုရားသခင်သည် သူ၏မြတ်နိုးစရာကောင်းလှသည့်ပညာတော်နှင့်ကောင်းမြတ်တော်မူခြင်းအတွင်း၌၊ လူသားသည်မိမိဘာသာမိမိ ကိုယ်ခန္ဓာသေဆုံးခြင်းနှင့်၊ ထာဝရသေဆုံးခြင်း၌ ကျဆုံးစေခဲ့သည်ကို၎င်း၊ မိမိဘာသာ အလုံးစုံ သောဒုက္ခဆင်းရဲခြင်းတို့၌၎င်း ရောက်စေခဲ့ကြောင်း သိမြင်တော်မူရကား ထိုလူသားသည်ကြောက် ရွံ့တုန်လှုပ်စွာနှင့် ဘုရားသခင်၏ရှေ့တော်မှောက်မှနေ၍ ထွက်ပြေးလျှက်ရှိနေစဉ်၌၊ ထိုလူသားကို ပြန်လည်ရှာဖွေရန်နှင့်နှစ်သိမ့်စေရန် စိတ်နှလုံးတော်ထိတွေ့တော်မူ၏။ ထို့ကြောင့် ဘုရားသခင် သည် မိမိသားတော်ကိုပေးတော်မူမည်အကြောင်း ကတိတော်ထားခဲ့၏ဟု ကျွန်ုပ်တို့ယုံကြည်ကြပါ သည်။ ထိုဘုရားသခင်၏သားတော်သည် မိန်းမအမျိုးအနွယ်ဖြစ်တော်မူမည်ဖြစ်ပြီးမြွေ၏ဦးခေါင်း ကိုကြိတ်နင်း မည့်သူ၊ လူသားကိုဝမ်းမြောက်စေမည့်သူဖြစ်တော်မူ၏။

## စာပိုဒ် (၁၈)

## သခင်ယေရှုခရစ်တော် လူသားဇာတိခံယူတော်မူခြင်းအကြောင်း

ဘုရားသခင်သည် သူကိုယ်တိုင်ခွဲခန့်မှတ်သားထားသောအချိန်၌ မိမိ၏တပါးတည်းသာဖြစ် သော၊ ထာဝရဖြစ်တော်မူသောသားတော်ကို ဤလောကသို့စေလွှတ်ခြင်းအားဖြင့်၊ ရှေးယခင်က သူ၏သန့်ရှင်းသောပရောဖက်များ၏နှုတ်ဖြင့် ယုံကြည်ခြင်း၏ဖခင်များထံပေးခဲ့သောကတိတော်ကို ပြည့်စုံစေတော်မူခဲ့၏ဟု ကျွန်ုပ်တို့ဝန်ခံကြပါသည်။ထိုဘုရားသခင်၏သားတော်သည်၊လူယောကျ်ား ၏ပါဝင်ပတ်သက်မှုမရှိဘဲ၊ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် ကောင်းချီးမင်္ဂလာကိုခံရ သောအပျိုကညာမာရိ၏ဝမ်းတွင်း၌ ပဋိသန္ဓေစွဲယူလျှက် လူသားဇာတိကိုခံယူတော်မူ၏။ ထိုသို့ဖြင့် ဘုရားသခင်၏သားတော်သည် အစေခံကျွန်၏သဏ္ဌာန်ကိုဆောင်ယူလျှက် လူသားအဖြစ်ကိုခံယူခဲ့ သည်။ သူသည် အပြစ်တရားမှလွဲ၍ လူသားတယောက်၌ရှိသမျှသော ဇာတိပကတိတရားများအားလုံးနှင့်၊ လူ့ဘဝ၏အားနည်းခြင်းများအားလုံးကိုလည်း

ယူတင်ဝတ်ဆောင်တော်မူ၏။ ထိုသို့လူ သားဇာတိကိုခံယူရာ၌ စစ်မှန်သောလူသားစစ်ဖြစ်မည်အကြောင်း လူသား၏ခန္ဓာကိုယ်ကိုသာ ယူတင်ဝတ်ဆောင်သည်မဟုတ်ပါ၊ လူသား၏နာမ်ဝိညာဉ်ကိုလည်း ယူတင်ဝတ်ဆောင်တော်မူ၏။ အ ပြစ်တရား၌ကျဆုံးခဲ့သောလူသားသည် မိမိ၏ခန္ဓာနှင့်ဝိညာဉ်နှစ်ခုလုံးကို ဆုံးရှုံးခဲ့ရသည်ဖြစ်ရာ၊ ဘု ရားသားတော်အနေနှင့် ထိုလူသား၏ခန္ဓာနှင့်ဝိညာဉ်နှစ်ခုလုံးကိုကယ်တင်ဖို့ရာ၊ လူသား၏ခန္ဓာနှင့် ဝိညာဉ်နှစ်ခုလုံးကို ယူတင်ဝတ်ဆောင်ခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် (သခင်ခရစ် တော်က သူ၏မိခင်ထံမှ လူသား၏ဇာတိသဘာဝကို ခံယူတော်မူခြင်းမရှိပါဟု မှားယွင်းစွာသွန် သင်ကြသည့် အန်နာတ်(ပ်)တစ်တို့၏သွန်သင်မှုကိုဆန့်ကျင်လျှက်) သခင်ခရစ်တော်သည် အသွေးအသားအားဖြင့် ဒါဝိတ်မင်းကြီးထံမှ ဆင်းသက်လာတော်မူလျှက်၊ သူ၏သားချင်းညီအကိုများကဲ့သို့ အသွေးနှင့်အသားကိုယူတင်ဝတ်ဆောင်ပါဝင်ဆက်ဆံသူဖြစ်၏ဟူ၍၎င်း၊ ဇာတိအားဖြင့်ဒါဝိတ်မင်း ကြီး၏အဆက်အနွယ်ဖြစ်တော်မူ၏ဟူ၍၎င်း၊ သခင်ခရစ်တော်သည်မိန်းမ၏အမျိုးအနွယ်ဖြစ်တော် မူမည့်အကြောင်း၊ ဇာတိတော်အားဖြင့် အာဗြဟံ၏အမျိုးအနွယ်များဖြစ်ကြသည့်ဂျူးလူမျိုးများ၏ အနွယ်တနွယ်ဖြစ်သော ယုဒအနွယ်မှပေါက်ဖွားလာခဲ့သည့်၊ ယေရှဲ၏အမြစ်ဖြစ်သော၊ ဒါဝိတ်မင်း ကြီး၏အမျိုးအနွယ်မှဆင်းသက်လာသူ၊ အပျိုကညာမာရိ၏ဝမ်းမှနေ၍ သီးပွင့်လာသူဖြစ်၏ဟူ၍ ၎င်း၊ ထိုသို့ အာဗြဟံ၏အမျိုးကိုယူတင်ဝတ်ဆောင်သောကြောင့် ဘုရားသခင်၏သားတော်သည် သူ၏သားချင်းညီအကိုများနှင့် အပြစ်တရားမှလွဲ၍ အရာခပ်သိမ်း၌တူညီသူဖြစ်လာသည်ဟူ၍၎င်း၊ အမှန်တကယ်ပင် သူသည် ကျွန်ုပ်တို့၏ ဧမာနွေလဖြစ်တော်မူသည်ဟူ၍၎င်း ဝန်ခံကြပါသည်။ ဧမာနွေလအနက်ကား ငါတို့နှင့်အတူရှိတော်မူသောဘုရားသခင်ဟုဆိုလိုသတည်း။

## စာပိုဒ် (၁၉)
## သခင်ခရစ်တော်၌ရှိတော်မူသောဇာတိနှစ်မျိုးတို့ ညီညွတ်နေခြင်းနှင့်ကွဲပြားနေခြင်းအကြောင်း

သားတော်ဘုရား၏ဘုရားဇာတိတော်သည် လူသားဇာတိနှင့်ခွဲခြားမရအောင် ညီညွတ်ဆက် သွယ်လျှက်ရှိ၏ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ ထိုသို့သောအားဖြင့်ဘုရားသခင်၏သားတော်နှစ် ပါးဖြစ်ပေါ်လာခြင်းမရှိသကဲ့သို့၊ ပုဂ္ဂိုလ်နှစ်ပါးဖြစ်ပေါ်လာခြင်းလဲ မရှိပါ။ သို့သော် ဇာတိနှစ်မျိုးတို့ သည် ပုဂ္ဂိုလ်တပါးတည်း၌ ညီညွတ်လျှက်ရှိနေကြ၏။ ထိုဇာတိနှစ်မျိုးတို့သည် မိမိတို့၏ထူးခြား သည့်ဂုဏ်လက္ခဏာများကို အသီးသီးပိုင်ဆိုင်လျှက်ရှိကြ၏။ ထိုသို့ဖြင့် သခင်ခရစ်တော်၏ဘုရားဇာတိတော်သည် အစဉ်အမြဲ ဖန်ဆင်းခံခြင်းကို လိုအပ်မှုမရှိသည့်အခြေအနေ၌တည်ရှိလျှက်၊ စ တင်လာသည့်နေ့ရက်များလည်းမရှိ၊ ရှင်သန်ခြင်း၏အဆုံးသတ်ဟူ၍လည်းမရှိ ဖြစ်တော်မူ၍၊ ကောင်းကင်နှင့်မြေကြီးအားလုံးကိုပြည့်လျှက်သာရှိနေ၏။ ထို့အတူ သခင်ခရစ်တော်၏လူသားဇာ တိသည်လည်း၊ လူသားဖြစ်ခြင်း၏ဂုဏ်လက္ခဏာများကို ဆုံးရှုံးသွားခြင်းမရှိဘဲ၊ ဖန်ဆင်းခံအဖြစ် နှင့်၎င်း၊ စတင်ဖြစလာသည့်နေ့ရက်များလည်းရှိလျှက်နှင့်၎င်း၊ အကန့်အသတ်များရှိသောဇာတိသ ဘာဝအနေနှင့်၎င်း၊ လူသား၏န္ဓာကိုယ်တွင်ရှိအပ်သည့် အင်္ဂါအစိတ်အပိုင်းများကို ပိုင်ဆိုင်လျှက် နှင့်၎င်း ရှိနေပါသည်။ ဘုရားသခင်၏သားတော်သည် သေခြင်းမှရှင်ပြန်ထမြောက်လာသည့်အ ချိန်၌ ထိုလူသားခန္ဓာကို မပုတ်ပျက်နိုင်သည့် ထာဝရတည်ရှိခြင်းအဖြစ်ကိုပေးသော်လည်း၊ လူသား၏ဇာတိသဘာဝအစစ်အမှန်ကိုမူ ပြောင်းလဲပစ်ခြင်းမရှိခဲ့ပါ။ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းနှင့်သေ ခြင်းမှထမြောက်ခြင်းသည်လည်း၊ ထိုသို့ ဘုရားသခင်၏သားတော်၌ စစ်မှန်သောလူသားခန္ဓာပါရှိ သည် ဆိုသည့်အမှန်တရားပေါ်တွင် တည်မှီလျှက်ရှိ၏။ ဘုရားသခင်၏သားတော်၌ရှိသော ထိုဇာ တိနှစ်မျိုးတို့သည် သူ၏ပုဂ္ဂိုလ်တခုတည်း၌ နီးကပ်လှစွာ၊ ညီညွတ်လျှက်ရှိတော်မူရကား၊သားတော် ၏သေခြင်းကပင် ၎င်းညီညွတ်နေခြင်းကို မခွဲခြားစေနိုင်ပါ။ ထို့ကြောင့် သားတော်သေခါနီးအချိန် ၌ခမည်းတော်၏လက်ဝယ်သို့အပ်နှံခဲ့သောဝိညာဉ်သည်သူ၏ခန္ဓာကိုယ်မှထွက်ခွာနေသည့်တကယ့် လူသားဝိညာဉ်ကို အပ်နှံခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ ဘုရားသခင်၏သားတော်သေဆုံးပြီး၊ သင်္ချိုင်းဂူအတွင်း၌လဲလျောင်းနေချိန်၌ပင်လျှင်၊ ဘုရားဇာတိတော်သည် သူ၏ကိုယ်ခန္ဓာအတွင်း၌ တည်ရှိ နေခဲ့၏။ ထိုသို့သေဆုံးချိန်၌ သားတော်၌ရှိသောဘုရားဇာတိတော်သည် ခဏတဖြုတ်ထင်ရှားပေါ် လွင်ခြင်းမရှိသော်လည်း၊ ကလေးဘဝကပင် သူထံ၌ရှိနေခဲ့သည့် ဘုရားဇာတိတော်သည် ထိုသို့လဲ လျောင်းနေစဉ်၌လည်း သားတော်ထံ၌ ပြောင်းလဲယုတ်လျော့ခြင်း အလျှင်းမရှိဘဲ တည်ရှိလျှက်ရှိ နေခဲ့ပါသည်။ ထို့ကြောင့် သူသည် ဘုရားစင်စစ်လည်းဖြစ်သကဲ့သို့၊ လူသားစင်စစ်လည်းဖြစ်တော် မူ၏ဟု ကျွန်ုပ်တို့ဝန်ခံကြပါသည်။ ဘုရားစင်စစ်ဖြစ်၏ဟုဆိုရခြင်းမှာ သူ၏တန်ခိုးတော်အားဖြင့် သေခြင်းတရားကိုအောင်နိုင်တော်မူ၍ဖြစ်၏။ ထို့အတူ လူသားစင်စစ်ဖြစ်၏ဟုဆိုရခြင်းမှာ သူ၏

အားနည်းချက်များနှင့်ပြည့်ဝသောခန္ဓာကိုယ်အားဖြင့် ကျွန်ုပ်တို့အတွက် အသေခံပေးတော်မူသော ကြောင့်ဖြစ်သည်။

## စာပိုဒ် (၂၀)

### ဘုရားသခင်သည် သူ၏မှန်ကန်တော်မူခြင်းနှင့်ဂရုဏာတော်ရှိခြင်းကို သခင်ခရစ်တော်၌ထင်ရှားပြသလျှက်ရှိတော်မူ သည့်အကြောင်း

ပြည့်စုံသောဂရုဏာတော်နှင့်မှန်ကန်တော်မူခြင်းတို့ကို ပိုင်ဆိုင်တော်မူသော ဘုရားသခင် သည်၊ သူ၏သားတော်ကိုဤလောကသို့စေလွှတ်လျှက်လူသားဇာတိကိုခံယူစေ၏။ အဘယ်ကြောင့် ဆိုသော် လူသားသည် မိမိ၏ဇာတိအားဖြင့် ဘုရားသခင်၏အလိုတော်ကို မနာခံခဲ့သည်ဖြစ်ရကား၊ ထိုသို့မနာခံခဲ့သည့်ဇာတိ၌ပင်သားတော်သည် ဘုရားသခင်၏ကျေနပ်စေတော်မူခြင်းကိုလုပ်ဆောင်ရန်၊ သူ(သားတော်)ခံစားခဲ့ရသည့် ခါးသီးသောဝေဒနာများနှင့်အသေခံတော်မူခြင်းအားဖြင့် ကျွန်ုပ်တို့ခံရမည့် အပြစ်တရား၏ဒဏ်ခတ်ခြင်းများကို ကိုယ်စားခံယူဖို့ရန်၊ ထိုသို့လူသားဇာတိကို ခံယူတော်မူခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ ထို့ကြောင့် ဘုရားသခင်သည် မိမိ၏ သားတော်ကိုဆန့်ကျင်လျှက် သူ့အပေါ်၌ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်များကို တင်ထားခြင်းအားဖြင့် မိမိ၏မှန်ကန်တော်မူခြင်းကို ထင်ရှားပေါ်လွင်စေပါသည်။ ထိုသို့သောအားဖြင့် ဘုရားသခင်သည် သူ၏ဂရုဏာတော်နှင့်ကောင်းမြတ်တော်မူခြင်းကို၊ အပြစ်ရှိလျှက် ပြစ်တင်ရှုတ်ချအပြစ်ဒဏ်ခတ် ခြင်းကိုခံထိုက်သူကျွန်ုပ်တို့အပေါ်သို့သွန်းလောင်း၏။ ထိုသို့ဖြစ်ရန် ဘုရားသခင်သည် ချစ်ခြင်း မေတ္တာသက်သက်အတွက်ကြောင့်သာ သူ၏သားတော်ကို ကျွန်ုပ်တို့အတွက် အသေခံရန်ပေးသ နားတော်မူခြင်းဖြစ်၏။ ထို့နောက် ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းတရားအတွက်ကြောင့်၄င်း၊ ထိုသားတော်အားဖြင့် ကျွန်ုပ်တို့သည် ထာဝရရှင်သန်ခြင်းနှင့်ထာဝရအသက်ကိုရရှိပိုင်ဆိုင်နိုင်ရန်အတွက် ၄င်း သားတော်ကို သေခြင်းမှရှင်ပြန်ထမြောက်စေတော်မူ၏။

## စာပိုဒ် (၂၁)

### ကျွန်ုပ်တို့၏တဦးတည်းသောယဇ်ပရောဟိတ်မင်းဖြစ်သည့် သခင်ခရစ်တော်က ကျွန်ုပ်တို့အတွက် ကျေနပ်စေခြင်းကိုပြု လုပ်ပေးသည့်အကြောင်း

သင်ယေရှုခရစ်တော်သည် မေခိဇေဒက်နည်းတူ ထာဝရယဇ်ပရောဟိတ်မင်းအဖြစ် ကျိန်ဆို ခြင်းအားဖြင့် ခန့်အပ်တော်မူခြင်းကိုခံရ၏ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ ထိုသို့ခန့်အပ်ရသည့် အကြောင်းမှာ ပရောဖက်များကကြိုတင်ပြောထားကြသကဲ့သို့၊ သခင်ခရစ်တော်သည်လက်ဝါးကပ်တိုင်ပေါ်၌ မိမိကိုယ်ကိုပူဇော်ကာ ကျွန်ုပ်တို့ကိုယ်စား ခမည်းတော်ဘုရား၏ရှေ့မှောက်၌ မိမိကိုယ် ကိုဆက်သလျှက် ပြည့်စုံသောကျေနပ်စေမှုအားဖြင့် အမျက်တော်ကိုငြိမ်းစေပြီး၊သူ၏အသွေးတော် မြတ်ကိုသွန်းလောင်းလျှက် ကျွန်ုပ်တို့၏အပြစ်များကိုဆေးကြောပစ်ရန်ဖြစ်သည်။ ထို့ကြောင့်ပင် သမ္မာကျမ်းစာက ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာထိုးနှက်ခြင်း၊ နှိပ် စက်ခြင်းများကိုခံရလေ၏။ ငါတို့၏ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ် သို့သက်ရောက်၍၊ သူခံရသောဒဏ်ချက်များအားဖြင့် ငါတို့သည် အနာပျောက်လျှက်ရှိကြ၏ဟု ရေးသားထား၏။ ထိုသခင်ခရစ်တော်ကို ပုန္တိပိလပ်မင်းက ရာဇဝတ်သားတယောက်ကဲ့သို့ ပြစ်ဒဏ် ခတ်ခဲ့၏။ အစပထမ၌မူ၊ ပိလတ်မင်းကအပြစ်မရှိသူဟု ကြေညာခဲ့သော်လည်း၊ နောက်ပိုင်း၌ ထို ကြေညာချက်ကိုရုတ်သိမ်းလျှက် ဖြောင့်မတ်သူကို မဖြောင့်မတ်သူအတွက် ခံစေခဲ့၏။ ထိုသို့နှင့် သ ခင်ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်များကခံယူထိုက်သည့် ကြောက်မက်ဖွယ်အပြစ်ဒဏ်ကို သူ၏ခန္ဓာကိုယ်အားဖြင့်ခံစားခဲ့သလို၊ စိတ်ဝိညာဉ်၌လည်းခံစားတော်မူခဲ့ရကား၊ သူ၏ချွေးစက်များသည် သွေးစက်များသဖွယ် မြေပေါ်သို့ကျခဲ့၏။ ထို့ကြောင့်ပင် သခင်ခရစ်တော်သည်လက်ဝါးကပ် တိုင်ပေါ်၌ အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကိုစွန့်ပစ်တော်မူသ နည်းဟု အော်ဟစ်ခြင်းဖြစ်၏။ ဤသို့သော အရာများအားလုံးကို ခံစားတော်မူခဲ့ရသည့်အကြောင်းမှာ ကျွန်ုပ်တို့ အပြစ်များမှခွင့်လွှတ်ခြင်းကို ရရှိရန်အတွက်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ရှင်ပေါလုနှင့်အတူမှန်ကန်စွာနှင့်ပင် ဤသို့ပြောဆိုနိုင်ကြပါသည်။ ကျွန်ုပ်တို့သည်သခင်ယေရှုခရစ်တော်နှင့် သူ၏လက်ဝါးကပ်တိုင်ပေါ်၌ အသေခံတော်မူခြင်းမှတပါး အခြားအကြောင်းအရာများကို မသိကြပါ။ ထိုမျှမက ခပ်သိမ်းသောအရာများတို့ကို ရှုံးစေသောအရာကဲ့သို့ ကျွန်ုပ်တို့ထင်မှတ် ကြ၏။ သခင်ခရစ်တော်ခံရသောဒဏ်ချက်များတွင် ကျွန်ုပ်တို့သည်အမျိုးမျိုးသောနှစ်သိမ့်ခြင်းများ ကို ရှာဖွေတွေ့ရှိကြပြီ။ ထို့ကြောင့် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ရန် အခြားသောနည်းလမ်း သစ်ကို ရှာဖွေတည်ထွင်နေရန် မလိုအပ်တော့ပါ။

အဘယ်ကြောင့်ဆိုသော် သခင်ခရစ်တော်တ ကြိမ်ပြုခဲ့သော ယဇ်ပူဇော်ခြင်းအားဖြင့်သာ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်စေနိုင်၍ဖြစ်သည်။ ထိုအရာအားဖြင့် ယုံကြည်သူတို့သည် ပြည့်စုံခြင်းသို့ထာဝရရောက်ရှိပြီဖြစ်၏။ ထိုအကြောင်း ကြောင့်ပင် သူ့အား ဘုရားသခင်၏ကောင်းကင်တမန်က **ယေရှု**ဟူသောအမည်ဖြင့် မှည့်ခေါ်ခဲ့ ခြင်းဖြစ်သည်။ အဓိပ္ပါယ်မှာ ကယ်တင်ရှင်ဟူ၍ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူသည် သူ၏လူ များကို အပြစ်များမှကယ်တင်မည့်သူဖြစ်သည်။

## စာပိုဒ် (၂၂)
## သခင်ခရစ်တော်အားယုံကြည်ခြင်းအကြောင်း

စစ်မှန်သောဉာဏ်ပညာတော်ရရှိခြင်းသည် ကြီးမားသောနက်နဲခြင်းဖြစ်၏။ ထိုအရာကိုသန့် ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင် ဖြောင့်မတ်သောယုံကြည်ခြင်းကိုဖြစ်ပွားစေခြင်းအားဖြင့် သခင်ယေရှုခရစ်တော်ကို ယုံကြည်လက်ခံစေပြီး၊ သခင်ခရစ်တော်ကိုယုံကြည် လက်ခံစေပြီး၊ သခင်ခရစ်တော်၏ထိုက်တန်ခြင်းများအားလုံးကို ရရှိစေလျှက်၊ သခင်ခရစ်တော်နှင့် ကိုက်ညီစေကာ၊ ထိုသခင်မှတပါး အခြားကယ်တင်သူကို ရှာဖွေစေတော့ဘဲနေစေခြင်းအားဖြင့်ရရှိ၏ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ ဤအမှန်တရားအားဖြင့် ကျွန်ုပ်တို့ကယ်တင်ခြင်းရရှိဖို့ရန် လို အပ်သည့်အရာများအားလုံး သခင်ယေရှုခရစ်တော်ထံ၌မရှိပါ (သို့) ထိုလိုအပ်သည့်အရာများအား လုံး သခင်ယေရှုခရစ်တော်ထံ၌ရှိနေပါက ထိုသခင်ကိုယုံကြည်ခြင်းအားဖြင့် ပိုင်ဆိုင်သမျှသောသူ တိုင်းသည် ပြည့်ဝသောကယ်တင်ခြင်းကိုရရှိကြ၏ဆိုသည့်အကြောင်းအရာနှစ်ရပ်ထွက်ပေါ်လာ ပြီး၊ ၎င်းတို့တွင်တခုသာလျှင်မှန်နိုင်မည်ဟုသိမြင်ရ၏။ ထို့ကြောင့် ကယ်တင်ခြင်းရရှိဖို့ရန် သခင်ခ ရစ်တော်အားယုံကြည်ခြင်းတခုက လုံလောက်မှုမရှိပါ၊ ယုံကြည်ခြင်းအပြင် တခုခုလုပ်ဆောင်စရာ လိုအပ်သေးသည်ဟုပြောဆိုသူများသည် ဘုရားသခင်၏နာမတော်ကို စော်ကားပြောဆိုသူများဖြစ် ကြပါသည်။ ထိုသို့ဆိုခြင်းက သခင်ခရစ်တော်သည် ပြည့်ဝစစ်မှန်သောကယ်တင်ရှင်မဟုတ်ပါဟု ဆိုရာရောက်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ရှင်ပေါလုနှင့်အတူ မှန်ကန်စွာနှင့် ကျွန်ုပ်တို့သည်ယုံ ကြည်ခြင်းဖြင့်သာ ဖြောင့်မတ်ရာသို့ရောက်ကြ၏ဟုပြောဆိုဝန်ခံကြပါသည်။ ထိုထက်မက ပို၍ရှင်းလင်းစွာနှင့် ကျွန်ုပ်တို့ယုံကြည်ပြောဆိုကြသည်မှာ ယုံကြည်ခြင်းသက်သက်ကကျွန်ုပ်တို့အားဖြောင့် မတ်စေခြင်းမဟုတ်ပါ။ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းဖြစ်သည့် သခင်ခရစ်တော် အား ကျွန်ုပ်တို့ကလက်ခံရာတွင် အသုံးပြုသောတန်ဆာပလာတခုသာဖြစ်၏ ဆိုသည့်အကြောင်း ပင်ဖြစ်သည်။ သခင်ယေရှုခရစ်တော်သည် သူ၏ထိုက်တန်တော်မူခြင်းအားလုံးကို ကျွန်ုပ်တို့အား ပေးသနားတော်မူသဖြင့် ကျွန်ုပ်တို့ကိုယ်စားအတွက်၎င်း၊ ကျွန်ုပ်တို့အတွက်၎င်း၊ သခင်ခရစ်တော် လုပ်ဆောင်ခဲ့သမျှသော သန့်ရှင်းသည့်အလုပ်များအားလုံးသည် ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းဖြစ် လာကြသည်။ ယုံကြည်ခြင်းဆိုသည်မှာ ထိုသခင်ခရစ်တော်မှလုပ်ဆောင်ပေးခဲ့သည့် ကောင်းမြတ် ခြင်းအားလုံးကို ကျွန်ုပ်တို့လက်တွေ့ပိုင်ဆိုင်ဆက်ဆံနိုင်ရန်ပြုလုပ်ပေးသော တန်ဆာပလာတခုသာ ဖြစ်၏။ ထိုသို့ သခင်ခရစ်တော်၏ကောင်းမြတ်ခြင်းများသည် ကျွန်ုပ်တို့၏ကောင်းမြတ်ခြင်းများ ဖြစ်လာကြသောအခါ၊ ထိုကောင်းမြတ်ခြင်းများသည် ကျွန်ုပ်တို့ကို အပြစ်များအားလုံးမှကယ်လွှတ် နိုင်သည်ထက်ပင် ပို၍လုံလောက်သော ကောင်းမြတ်ခြင်းများဖြစ်နေပါတော့သည်။

## စာပိုဒ် (၂၃)
## ဖြောင့်မတ်ခြင်းအကြောင်း

သခင်ယေရှုခရစ်တော်အတွက်ကြောင့် ကျွန်ုပ်တို့သည်အပြစ်များမှခွင့်လွှတ်ခြင်းကိုခံရလျှက် ကယ်တင်ခြင်းကိုရရှိကြပါသည်။ ထိုသို့သောအားဖြင့် ဘုရားသခင်၏ရှေ့တော်မှောက်၌ဖြောင့်မတ် သူများဖြစ်လာကြသည်ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ ထို့ကြောင့် လူသား၏ဝမ်းမြောက်ရသော အခြေအနေသည် လုပ်ဆောင်ခြင်းမပါရှိဘဲ ဘုရားသခင်ကဖြောင့်မတ်သည်ဟု တဦးသောသူအားမှတ်ယူခြင်းဖြစ်သည်ဟု ရှင်ပေါလုနှင့်ဒါဝိတ်မင်းကြီးကကြေညာလျှက် ကျွန်ုပ်တို့ကိုသွန်သင်ရခြင်းဖြစ်သည်။ ထို့အပြင် ထိုတမန်တော်က ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်တော်ထံ၌ ကယ်တင်ခြင်းကိုခံရခြင်းအားဖြင့်၊ ကျေးဇူးတော်ကြောင့်သာ အဖိုးအခပေးစရာမလိုဘဲ၊ ဖြောင့်မတ်ရာသို့ရောက် ကြ၏ဟု ပြောဆိုထားပါသည်။ ထို့ကြောင့်

ကျွန်ုပ်တို့သည် အမြဲပင်ဤအမှန်တရားအုတ်မြစ်ကိုသာ ခိုင်မာစွာကိုင်စွဲကြကာ၊ အရာခပ်သိမ်းသည် ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ရန်အတွက်သာ ဖြစ်သည်ဟုဝန်ခံကြလျှက်၊ သူ၏ရှေ့တော်မှောက်၌ မိမိတို့ကိုယ်ကိုနှိမ့်ချကြ၏။ ကျွန်ုပ်တို့ကိုယ်ကို အရှိအတိုင်းနားလည်သဘောပေါက်လျှက်၊ မိမိတို့၌ရှိသည့်အရာကို ကိုးစားခြင်းမရှိဘဲ (သို့) မိမိတို့၏ထိုက်တန်ခြင်းကို ကိုးစားမှုမရှိကြဘဲ၊ ယုံကြည်ကြချိန်၌ ကျွန်ုပ်တို့ပိုင်ဆိုင်သည့်အရာဖြစ်လာ သည့် လက်ဝါးကပ်တိုင်ပေါ်၌အသေခံတော်မူသော သခင်ခရစ်တော်၏နာခံလိုက်လျှောက်ခြင်းအ ပေါ်၌သာ ကိုးစားနားခိုလျှက်ခိုလှုံကြ၏။ ဤအကြောင်းအရာက ကျွန်ုပ်တို့၏အပြစ်များအားလုံးကို ဖုံးအုပ်ဖို့ရာ လုံလောက်၏၊ ထို့အပြင် ကျွန်ုပ်တို့၏ ပထမအာဒံကဲ့သို့ ဘုရားသခင့်ရှေ့တော်မှောက် ၌ ကြောက်ရွံ့တုန်လှုပ်လျှက် မိမိဘာသာ သစ်ရွက်များဖြင့်ဖုန်းအုပ်ခဲ့သည့်ဥပမာကို ယူဆောင်ခြင်း မရှိဘဲ ဘုရားသခင့်ရှေ့တော်မှောက်သို့ ကြောက်ရွံ့တုန်လှုပ်စိုးရိမ်ခြင်းကင်းစွာနှင့်တိုးဝင်ချဉ်းကပ် ရဲသော ယုံကြည်စိတ်ချမှုကိုပေးပါသည်။ အကယ်၍သာ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ကိုးစားလျှက်သော်၎င်း၊ (သို့) အခြားဖန်ဆင်းခံသတ္တဝါတပါးပါးကိုကိုးစားလျှက်သော်၎င်း၊ ဘုရားသခင် ရှေ့တော်မှောက်သို့ချဉ်းကပ်ပါကအမှန်ပင်ပျက်ဆီးခြင်သို့ရောက်ကြပါမည်။ထို့ကြောင့်အယောက် စီတိုင်းသည် ဒါဝိတ်မင်းကြီးနှင့်အတူ အိုဘုရားသခင် ကိုယ်တော်၏ကျွန်နှင့်တရားတွေ့တော်မမူပါ နှင့်၊အသက်ရှင်သောသူမည်သည်ကား၊ရှေ့တော်၌အပြစ်ကင်းစင်ရာသို့မရောက်ရပါဟူ၍ဆုတောင်း ကြရပါမည်။

## စာပိုဒ် (၂၄)

## လူသားကို သန့်ရှင်းရာသို့တည်စေခြင်းနှင့်ဘုရားသခင်၏လုပ်ဆောင်မှု

သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုအားဖြင့်၎င်း၊ ဘုရားသခင်၏နှုတ်ကပတ်တော် ကြားနာခြင်းအားဖြင့်၎င်း၊ လူသား၏အတွင်း၌ဖြစ်ပေါ်လာသည့် စစ်မှန်သောယုံကြည်ခြင်းက ထို လူသားကို အပြစ်များအောက်ကျွန်ခံနေရာမှလွတ်မြောက်စေလျှက် ပြောင်းလဲခြင်းသို့ရောက်ရှိစေ၏၊ အသစ်သောသတ္တဝါဖြစ်လာစေ၏၊ အသစ်သောအသက်တာ၌အသက်ရှင်သူဖြစ်လာစေ၏ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ ထို့ကြောင့် ထိုဖြောင့်မတ်ရာသို့တည်စေသောယုံကြည်ခြင်းက လူ သားတို့၏ ဘာသာတရားကိုင်းရှိုင်းခြင်း၊ သန့်ရှင်းစွာနေထိုင်ခြင်း စသည်တို့ကိုယုတ်လျော့စေသည် ဆိုခြင်းမှာ လုံးဝမှန်ကန်မှုမရှိပါ။ ထိုမှဆန့်ကျင်စွာ ဤယုံကြည်ခြင်းမရှိပါက လူသားတို့သည် ကောင်းမြတ်သောအကျင့်များကို ဘုရားသခင်အားချစ်မြတ်နိုးခြင်းဆိုသည့် စိတ်ဓါတ်အခြေခံမှနေ ၍ လုပ်ဆောင်နိုင်ကြမည်မဟုတ်ဘဲ၊ တကိုယ်ကောင်းဆန်သောစိတ်၊ (သို့) ငရဲခံရမည်ဆိုသည်ကို ကြောက်ရွံ့သောစိတ်မှနေ၍သာ လုပ်ဆောင်ကြပါလိမ့်မည်။ ထို့ကြောင့် ဤသို့သောသန့်ရှင်းသည့်ယုံကြည်ခြင်းက လူသားထံ၌အသီးအပွင့်ကို ထုတ်လုပ်ပေးနိုင်ခြင်းမရှိဆိုသည်မှာမဖြစ်နိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည်အကျိုးသက်ရောက်မှုမရှိသောအနတ္တယုံကြည်ခြင်းမျိုးကိုပြောနေကြခြင်း မဟုတ်ပါ။ သမ္မာကျမ်းစာကဖော်ပြသော ချစ်ခြင်းမေတ္တာအားဖြင့် လုပ်ဆောင်မှုရှိသည့်ယုံကြည် ခြင်းမျိုး၊ ဘုရားသခင်၏နှုတ်ကပတ်တော်တွင်လုပ်ဆောင်ရမည်ဟုပညတ်ထားသောအလုပ်များကို ကျေနပ်ခြင်းဖြင့်လုပ်ဆောင်ရန် စေ့စော်ပေးသောယုံကြည်ခြင်းမျိုးကိုသာ ပြောဆိုကြခြင်းဖြစ်ပါ သည်။ ထိုအလုပ်များသည် ကောင်းမြတ်သောအခြေခံဖြစ်သည့် ယုံကြည်ခြင်းမှနေ၍ ထွက်ပေါ် လာသောအလုပ်များဖြစ်ကြသဖြင့် ဘုရားသခင်မျက်မှောက်တော်၌ ကောင်းမြတ်သည်ဟု လက်ခံ နိုင်သောအလုပ်များဖြစ်ကြသည်။ ထိုအလုပ်များသည်လည်း ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် သန့်ရှင်းလျှက်ရှိကြ၏။ သို့သော် ၎င်းတို့သည် ကျွန်ုပ်တို့ ဖြောင့်မတ်ခြင်း၌တည်ဖို့ရာ လုပ်ဆောင်ရ သည့်အလုပ်များမဟုတ်ကြပါ။ အဘယ်ကြောင့်ဆိုသော် သခင်ခရစ်တော်ကိုယုံကြည်ခြင်းကသာ ကျွန်ုပ်တို့ကို ဖြောင့်မတ်ရာသို့တည်စေခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ကောင်းသောအကျင့်များ တခုကို မျှမကျင့်ကြမှီဖြစ်သည်။ ထိုသို့မဟုတ်ပါက ၎င်းအလုပ်တို့သည် ကောင်းသောအလုပ်များမဟုတ် နိုင်ကြပါ။ ကောင်းသောအသီးကိုသီးဖို့ရာ ထိုအသီးကိုသီးမည့်အပင်က ပထမကောင်းရမည်ဖြစ် သည်။

## စာပိုဒ် (၂၅)

## ယဇ်ပူဇော်ခြင်းနှင့်ပတ်သက်သော ပညတ်တော်များအား ဖျက်သိမ်းခြင်းအကြောင်း

ယဇ်ပူဇော်ခြင်းများနှင့်၎င်း၊ ပုံသဏ္ဌာန်ဖေါ်ပြချက်များနှင့်၎င်း သက်ဆိုင်သောပညတ်တော် များသည် သခင်ခရစ်တော် ဤလောကသို့လာရောက်ချိန်၌ ပြီးဆုံးခဲ့ကြလေပြီ။ အရိပ်သဏ္ဌာန်များအားလုံး ပြည့်စုံခြင်းသို့ရောက်ခဲ့ကြပြီဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ ထို့ကြောင့် ထိုအရာများကို ခရစ်ယာန်များအနေနှင့် မသုံးကြရပါ။ သို့သော် ထိုအရာတို့၏ အနှစ်သာရများသည်၎င်း၊ ၎င်းတို့ ကသင်ကြားသောအမှန်တရားများသည်၎င်း၊ သခင်ယေရှုခရစ်တော်အားဖြင့် ကျွန်ုပ်တို့ထံ၌ ဆက် လက်တည်ရှိနေကြပါသည်။ ထိုသခင်အားဖြင့် ၎င်းတို့သည် ပြည့်စုံလျှက်ရှိကြ၏။ ထိုသို့ဆိုသော် လည်း ဓဝံဂေလိတရား၏သွန်သင်ချက်များသည် မှန်ကန်ကြောင်းသေချာမှုရစေရန် ကျွန်ုပ်တို့၏ အသက်တာများကို အားလုံးသောဖြောင့်မှန်ရိုးသားခြင်းတရားများနှင့်ကိုက်ညီစွာနေထိုင်လျှက် ဘု ရားသခင်၏အလိုတော်အတိုင်း၊ သူ၏ဘုန်းတော်ထင်ရှားဖို့အတွက် အသက်ရှင်ကြစေရန်၊ ကျွန်ုပ် တို့သည် ပညတ္တိကျမ်းများနှင့်အနာဂတ္တိကျမ်းများမှ သက်သေများကို အသုံးပြုလျှက်ရှိကြသေး၏။

## စာပိုဒ် (၂၆)

## သခင်ခရစ်တော်၏ကြားဝင်ဖြန်ဖြေပေးခြင်းအကြောင်း

ဖြောင့်မတ်တော်မူသည့် သခင်ယေရှုခရစ်တော်ဟူသော တပါးတည်းသာရှိသည့်ကြားဝင် ဖြန်ဖြေပေးသူ၊ ကိုယ်စားလျှောက်လှဲပေးသူအားဖြင့်မှလွဲ၍ ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ဝင် နိုင်ခွင့်မရှိကြပါဟု ယုံကြည်ကြ၏။ ထိုသခင်သည် လူသားအဖြစ်ကိုခံယူတော်မူခဲ့၏။ ထိုသို့သော အားဖြင့် ပုဂ္ဂိုလ်တဦးအတွင်း၌ ဘုရားဇာတိနှင့်လူဇာတိတို့ပေါင်းစပ်လျှက်ရှိ၏။ ထိုသို့ဖြစ်ရခြင်းမှာ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်ထံသို့ တိုးဝင်ချည်းကပ်ရသောအခွင့်ရရှိစေရန်ဖြစ်၏။ ထိုသို့မဟုတ်ပါက တိုးဝင်ချည်းကပ်နိုင်စရာ အခွင့်အလမ်းမရှိနိုင်ပါ။ ခမည်းတော်ဘုရားသခင်က သူနှင့် ကျွန်ုပ်တို့အကြားခန့်ထားတော်မူသော ထိုကြားဝင်ဖြန်ဖြေသူသည်သူ၏ကြီးမြတ်ပြည့်စုံတော်မူခြင်း အဖြစ်တော်အားဖြင့် ကျွန်ုပ်တို့အား ကြောက်ရွံ့ခြင်းကိုမဖြစ်စေပါ။ ကျွန်ုပ်တို့၏စိတ်ကူးအားဖြင့် ဖန်တီးသော အခြားကြားဝင်ဖြန်ဖြေသူကိုလည်း မရှာဖွေစေပါ။ အဘယ်ကြောင့်ဆိုသော် ကောင်းကင်၌ဖြစ်စေ၊ မြေကြီးပေါ်၌ဖြစ်စေ သခင်ယေရှုခရစ်တော်လောက် ကျွန်ုပ်တို့အားချစ်ခြင်းမေတ္တာ ထားရှိသူ သတ္တဝါတစုံတဦးမျှမရှိပါ။ ထိုသခင်သည် ဘုရားသခင်၏သဏ္ဌာန်တော်ဖြစ်ခြင်းကို စွန့် လွှတ်တော်မူလျှက်၊ မိမိဘာသာ ဘာမျှမဟုတ်သည့်အဖြစ်ကို နှိမ့်ချတော်မူပြီး၊ လူ့ဇာတိကို ယူတင် ဝတ်ဆောင်ကာ ကျွန်ုပ်တို့အတွက် အစေခံကျွန်သဖွယ်ဖြစ်လာခဲ့ပါသည်။ အရာခပ်သိမ်း၌ မိမိ၏ ညီအကိုများနှင့်တူသောသူဖြစ်လာခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အခြားကြားဝင်ဖြန်ဖြေပေးသူတဦးအား ရှာခဲ့သည်ဆိုဦးတော့ သူ့ထက်ပို၍ ကျွန်ုပ်တို့စိတ်နှလုံးအား သဘောကျစေသူကို ရှာ တွေ့နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည်သူ၏ရန်သူဖြစ်နေချိန်၌ပင် မိမိကိုယ်ကိုစွန့်သည့်တိုင်အောင် ချစ်တော်မူသောထိုသခင်ထက် မည်သူသည်ကျွန်ုပ်တို့အား သူ့ထက်ပို၍ချစ်နိုင်ပါမည်နည်း? ဘုန်းတန်ခိုးတော်နှင့်ပြည့်စုံကြွယ်ဝသူကို ကျွန်ုပ်တို့ရှာဖွေခဲ့သည်ဆိုဦးတော့၊ခမည်းတော်ဘုရား၏လက်ျာ တော်ဖက်တွင်ထိုင်နေတော်မူလျှက် ကောင်းကင်နှင့်မြေကြီးပေါ်တွင်ရှိသမျှသောတန်ခိုးအာဏာတို့ ကိုပိုင်ဆိုင်တော်မူသည့် ထိုသခင်ထက် ပို၍တန်ခိုးကြီးသူကို မည်သို့ရှာဖွေတွေ့ရှိနိုင်ပါမည်နည်း? ထို့အပြင် ဤသူသည် ချစ်တော်မူသောဘုရားသခင်၏သားတော်ဖြစ်၏ဆိုသည်မှလွဲ၍ မည်သည့် အသံကိုကြားနိုင်ပါမည်နည်း? ထို့ကြောင့် သန့်ရှင်းသူ(စိန့်)များကို ရိုသေလေးစားကိုးကွယ်မှုပြုရ မည် ဆိုသည့်အချက်သည် ဘုရားသခင်အားကိုးစားမှုမရှိခြင်းမှအစပြုသော သွန်သင်မှုဖြစ်၏။ ထို သို့ပြုရမည်ဟုလည်း သန့်ရှင်းသူများကပြောဆိုထားခြင်းမရှိပါ။ တောင်းဆိုခြင်းလည်းမပြုကြပါ။ထို မှဆန့်ကျင်စွာ သန့်ရှင်းသူများကပင် မိမိတို့၏တာဝန်ကိုသိရှိစွာ ထိုသို့မပြုလုပ်ရပါဟု တားမြစ်ကြ ကြောင်းကို သူတို့၏ရေးသားခဲ့ကြသောစာများမှသိရပါသည်။ ထို့အတူ ကျွန်ုပ်တို့သည် မိမိတို့၏မ ပြည့်စုံခြင်းကို ဆင်ခြင်ပေးလျှောက်လှဲစရာမလိုပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် မိမိတို့၏ထိုက်တန်မှုအပေါ်အခြေခံ၍ ဘုရားသခင်ထံဆုတောင်းကြသည်မဟုတ်ဘဲ၊ ယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့ပိုင်ဆိုင်ကြသော သခင်ယေရှုခရစ်တော်၏ ကြီးမြတ်တော်မူခြင်း၊ ထိုက်တန်တော်မူခြင်း၊ ဖြောင့်မတ်တော်မူခြင်းတို့အပေါ်အခြေခံ၍သာ ဆုတောင်းကြခြင်းဖြစ်သည်။ ထို့ကြောင့် တမန် တော်ကြီးက ကျွန်ုပ်တို့ထံမှ ထိုမိုက်မဲသောကြောက်ရွံ့မှု (သို့) မှားယွင်းစွာကိုးစားမှုကို ပပျောက် သွားရန်၊

သခင်ယေရှုခရစ်တော်သည် သူ၏ညီအကိုများနှင့် အရာခပ်သိမ်း၌တူညီသူဖြစ်လာခဲ့၏။ ထိုသို့သောအားဖြင့် သူသည် လူများ၏အပြစ်များကို ကြားဝင်ဖြန်ဖြေနိုင်မည့် ဂရုဏာနှင့်ကြွယ်ဝ သော သစ္စာရှိသောယဇ်ပရောဟိတ်မင်းဖြစ်လာသည်ဟု မှန်ကန်လှစွာပြောကြားခဲ့ပါသည်။ ထို့အ ပြင် ထိုသခင်သည် ကိုယ်တော်တိုင်ပင် ဆင်းရဲဒုက္ခများကိုခံတော်မူခဲ့လျှက် စုံစမ်းနှောက်ယှက်ခြင်းမျိုးစုံကို ခံခဲ့သည်ဖြစ်၍၊ ထိုသို့စုံစမ်းနှောက်ယှက်ခြင်းခံရသူများကို ကူညီနိုင်သည်ဟုလည်း ပြောကြားခဲ့၏။ ထို့အပြင်ထပ်မံ၍ ထိုတမန်တော်က ယ္ခုမူကား ကောင်းကင်နိုင်ငံတော်ထဲသို့ ကြွဝင် တော်မူသော ယဇ်ပရောဟိတ်မင်းအကြီးတည်းဟူသည့် ဘုရားသခင်၏သားတော်ယေရှုသည်၊ ငါတို့၌ ယဇ်ပရောဟိတ်မင်းဖြစ်တော်မူသောကြောင့်၊ ငါတို့သည် ဝန်ခံခဲ့ပြီးသောအရာ၌ တည် ကြည်ကြကုန်အံ့။ ငါတို့ယဇ်ပရောဟိတ်မင်းသည် ငါတို့ခံရသောဆင်းရဲဒုက္ခများကြောင့် မကျင်နာ နိုင်သောသူမဟုတ်၊ ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသောစုံစမ်းနှောက်ယှက်ခြင်းတို့ကို ခံဘူးသော သူဖြစ်တော်မူ၏။ သို့ရာတွင် ဒုစရိုက်အပြစ်နှင့်ကင်းလွတ်တော်မူ၏။ ထို့ကြောင့် ငါတို့သည်သနား ခြင်းဂရုဏာကိုင်ငှင်း၊ တော်လျှော်သောမစခြင်းကျေးဇူးတော်ကိုငှင်း ခံရမည်အကြောင်း ရဲရင့်သော စိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကုန်အံ့ဟု ပြောကြားခဲ့ပါသည်။ ထိုတမန်တော်က ပင် ဆက်လက်၍လည်း ကျွန်ုပ်တို့သည် သခင်ယေရှု၏အသွေးတော်ကြောင့် အသန့်ရှင်းဆုံးသော ဌာနတော်သို့ တိုးဝင်ချဉ်းကပ်ခွင့်ရရှိကြသည်ဖြစ်ရာ၊ ယုံကြည်ခြင်း၏ပြည့်စုံသောစိတ်ချရမှုနှင့်အ တူ စစ်မှန်သောစိတ်နှလုံးအားဖြင့်အထံတော်သို့တိုးဝင်ချဉ်းကပ်ကြကုန်အံ့ဟု ပြောဆိုပြန်ပါသည်။ ထို့အတူ သခင်ခရစ်တော်သည် မပြောင်းလဲနိုင်သော ယဇ်ပရောဟိတ်မင်း၏အရာကို ရရှိပိုင်ဆိုင် သူဖြစ်ရကား၊ သူ့အားဖြင့် ဘုရားသခင့်အထံတော်သို့ လာရောက်သူတိုင်းကို အဆုံးစွန်ထိတိုင် ကယ်တင်နိုင်တော်မူ၏။ ထိုသခင်သည် ထိုသို့ကြားဝင်ဖြန်ဖြေမှုကိုပြုလုပ်ပေးရန်အတွက်ပင် အ သက်ရှင်တော်မူ၏ဟုလည်းပြောဆိုခဲ့ပါသည်။ သခင်ခရစ်တော်ကိုယ်တိုင်ကပင် ငါသည်လမ်းခရီး ဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏၊ အသက်လည်းဖြစ်၏၊ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်း တော်ထံသို့မရောက်ရဟုပြောဆိုခဲ့ရာ၊ ကျွန်ုပ်တို့အနေနှင့် မည်သည်ကိုပို၍တောင်းဆိုကြဦးမည် နည်း? ဘုရားသခင်ကိုယ်တော်တိုင်ကပင် သူ၏သားတော်ကို ကျွန်ုပ်တို့၏ကြားဝင်ဖြန်ဖြေပေးသူ အဖြစ် ပေးအပ်တော်မူခဲ့ရာ၊ ကျွန်ုပ်တို့အနေနှင့် မည်သည့်အကြောင်းကြောင့် အခြားသောကြား ဝင်ဖြန်ဖြေပေးသူကို ရှာဖွေဖို့ရာလိုအပ်ပါဦးမည်နည်း? ထို့ကြောင့် အခြားသူကိုရရှိဖို့ရန် ထိုသခင် ကို စွန့်မသွားကြပါနှင့် (သို့) အခြားသူကို ရှာဖွေမနေကြပါနှင့်။ ရှာဖွေပါကလည်း တွေ့နိုင်ကြမည် မဟုတ်ပါ။ ထိုသခင်ကို ကျွန်ုပ်တို့ထံ ပေးအပ်စဉ်ကလည်း ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်ကြ သဖြင့် ရှာဖွေနိုင်စွမ်းမရှိခဲ့ကြသည်ကို ဘုရားသခင်က ကောင်းစွာသိနေပါသည်။ ထို့ကြောင့်သခင် ခရစ်တော်မိန့်တော်မူခဲ့သည့်အတိုင်း ကျွန်ုပ်တို့သည် ကောင်းကင်ဘုံမှခမည်းတော်ကို ပဋ္ဌနာတော် ဆုတောင်းခြင်းပုံစံအတွင်း၌သွန်သင်ထားသည့်အတိုင်း ကျွန်ုပ်တို့၏ကြားဝင်ဖြန်ဖြေပေးသူ၊သခင်ခ ရစ်တော်၏နာမတော်အားဖြင့် ဆုတောင်းကြ၏။ ထိုသို့တောင်းကြရာ၌ သူ၏နာမတော်အားဖြင့် ခမည်းတော်ထံတောင်းသမျှကို ပေးတော်မူလိမ့်မည်ဟူသောစိတ်ချမှုဖြင့် တောင်းလျှောက်ကြခြင်းဖြစ်သည်။

## စာပိုဒ် (၂၇)

## ခရစ်ယာန်အသင်းတော်အကြောင်း

သခင်ယေရှုခရစ်တော်ထံမှနေ၍ ကယ်တင်ခြင်းကိုမျှော်လင့်ကြသော၊ သူ၏အသွေးတော် အားဖြင့် ဆေးကြောခြင်းကိုခံရကြသော၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် တံဆိပ်ခတ်နှိပ်ခြင်းကိုခံရကြလျှက် သန့်ရှင်းရာ၌တည်စေခြင်းကိုခံရကြသော စစ်မှန်သည့်ယုံကြည်သူ ခရစ်ယာန်အား လုံးတို့ပါဝင်သည့် သန့်ရှင်းသောအစည်းအဝေးဟုခေါ်သည့် ကဲသလစ်အသင်းတော် (သို့) အားလုံးနှင့်ဆိုင်သည့် ကမ္ဘာလုံးဆိုင်ရာအသင်းတော် တပါးတည်းသာရှိသည်ဟု ကျွန်ုပ်တို့ ဝန်ခံကြပါ သည်။ သခင်ခရစ်တော်သည် ကမ္ဘာဦးမှနေ၍ နောက်ဆုံးသောနေ့ရက်တိုင်အောင် ဤအသင်းတော်၏ ထာဝရရှင်ဘုရင်ဖြစ်တော်မူ၏။ ဤအသင်းတော်ကို တလောကလုံး၏အမျက်ဒေါသမှနေ ၍ ဘုရားသခင်က စောင့်ရှောက်စောင်မထောက်ပံ့ပေးတော်မူ၏။ ထိုအသင်းတော်သည် အာဟတ်မင်းအုပ်စိုးသည့် ကြောက်မက်ဖွယ်အချိန်ကကဲ့သို့ တခါတရံ(ခဏတဖြုတ်)လူသား၏အမြင် တွင် သေးငယ်လှစွာ၊ ဘာမျှမဟုတ်တော့သလို ထင်မြင်ရတတ်ပါသော်လည်း၊ သခင်ဘုရားသည် ဗာလနတ်ဘုရားရှေ့တွင် ဒူးမထောက်၊ ဦးမချသူ လူခုနှစ်ထောင်ကို

သူ့အဘို့ချန်လှပ်ထားပါသည်။ ထို့အပြင် ဤသန့်ရှင်းသောအသင်းတော်သည် နေရာဒေသတခုတည်းနှင့်၊ လူအချို့တို့ထံ၌သာ တည်ရှိဖို့ရန် ကန့်သတ်ထားခြင်းမျိုးမရှိဘဲ၊ တကမ္ဘာလုံး၌ ကျဲပြန့်ပြန့်နှံ့ လျှက်ရှိပါသည်။ သို့ သော် ယုံကြည်ခြင်း၏တန်ဖိုးအားဖြင့်၊တခုတည်းသာဖြစ်သည့်တူညီသောဝိညာဉ်တော်၌တယောက် နှင့်တယောက် ညီညွတ်စွာဆက်သွယ်လျှက်ရှိ၏။

## စာပိုဒ် (၂၈)

## ဤစစ်မှန်သောအသင်းတော်သို့ အယောက်တိုင်း မဖြစ်မနေပါဝင်ရမည့်အကြောင်း

ထိုသန့်ရှင်းသောဒေသန္တရအသင်းတော်သည် ကယ်တင်ခြင်းရရှိသူတို့စည်းဝေးရာအစည်းအ ဝေးဖြစ်သည်နှင့်အညီ ဤနေရာမှအပြင်ဖက်တွင် ကယ်တင်ခြင်းသည် မရှိနိုင်ပါ။ ထို့ကြောင့် ဤ အသင်းတော်မှနေ၍ မည်သို့သောသူမျှ မည်သည့်အခြေအနေမျိုး၌ပင်ဖြစ်စေ ထွက်ခွာလျှက်၊ မိမိ ဘာသာ သီးသန့်နေထိုင်ခြင်း မပြုရပါ။ အယောက်စီတိုင်းသည် မိမိတို့ကိုယ်ကို ဤအသင်းတော်၌ ဆက်သွယ်၊ ညီညွတ်၊ ပါဝင်လျှက် အသင်းတော်၏ညီညွတ်ခြင်းကို ထိန်းသိမ်းကြဖို့ရန်တာဝန်ရှိကြ သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။အယောက်စီတိုင်းသခင်ယေရှုခရစ်တော်၏ထမ်းပိုးအောက် ၌ ဦးညွတ်လျှက် အသင်းတော်၏သွန်သင်ချက်များ၊ စည်းကမ်းထိန်းသိမ်းမှုများကိုနာခံကြရပါမည်။ အချင်းချင်း တခုနှင့်တခုဆက်သွယ်နေကြသည့် ခန္ဓာတခု၏အင်္ဂါရပ်များသဖွယ် ယုံကြည်သူအ ယောက်စီတိုင်းသည် မိမိတို့အားဘုရားသခင်ကပေးသည့်အတတ်ပညာဆုကျေးဇူးများအတိုင်း၊ ယုံ ကြည်သူညီအကိုများ၏အကျိုးအတွက် အမှုတော်ဆောင်ကြရပါမည်။ ထို့အပြင် အကြောင်းအရာ နောက်ထပ်တရပ်ကို ပိုမိုထင်ရှားစွာတွေမြင်နိုင်ပါလိမ့်မည်။၎င်းမှာ စစ်မှန်သောယုံကြည်သူအားလုံး တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း ဤအသင်းတော်၌ မပါဝင်သောသူတို့နှင့် ကင်းရှင်းစွာနေထိုင်ကြရမည့် တာဝန်ရှိကြ၏ ဆိုသည့်အကြောင်းပင်ဖြစ်ပါသည်။ ထို့အပြင် ဘုရားသ ခင်က မည်သည့်နေရာ၌မဆို တည်ထောင်တော်မူသည့် ဒေသန္တရအသင်းတော်၌ပါဝင်ရမည်။ ထို အသင်းတော်ကို အစိုးရမင်းများကဆန့်ကျင်သည်ဖြစ်စေ၊ ထိုအသင်းတော်အတွက် ဒဏ်ခတ်ခြင်းမျိုးစုံ၊ နောက်ဆုံး၌ အသေခံရသည်အထိပင်ဖြစ်စေ ထိုအသင်းတော်၌ပါဝင်ကြရပါမည်။ထို့ကြောင့် ထိုအသင်းတော်မှ သီခြားနေထိုင်သူတို့သည်၎င်း၊ မပါဝင်သူတို့သည်၎င်း ဘုရားသခင်၏အလို တော်နှင့်ကျင့်ဝတ်များကို ဆန့်ကျင်သောသူများဖြစ်ကြပါသည်။

## စာပိုဒ် (၂၉)

## စစ်မှန်သောအသင်းတော်၏လက္ခဏာများနှင့် မှားယွင်းသောအသင်းတော်မှ ကွဲပြားခြားနားချက်များ

ကမ္ဘာပေါ်၌ရှိနေကြသည့် ဂိုဏ်းဂဏကွဲများအားလုံးက မိမိတို့ဘာသာ အသင်းတော်ဖြစ်ကြ ပါသည်ဟုပြောဆိုကြသဖြင့်၊ မည်သည်တို့သည် စစ်မှန်သောအသင်းတော်ဖြစ်ကြောင်း ဘုရားသ ခင်၏နှုတ်ကပတ်တော်အတိုင်း ဆင်ခြင်သတိထားကြီးစွာဖြင့် အစဉ်အမြဲလေ့လာစမ်းစစ်ရမည်ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ ဤနေရာတွင် အသင်းတော်အတွင်း၌ ကောင်းမြတ်သူများနှင့်ရော နှောပါဝင်နေသော ဟန်ဆောင်သူယုံကြည်သူအတုများကို ပြောနေခြင်းမဟုတ်ပါ။ ၎င်းတို့သည် အသင်းတော်အတွင်း၌ အပြင်ပန်းအားဖြင့် ပါဝင်နေကြပါသော်လည်း စစ်မှန်သောအသင်းတော် သူ/သားများမဟုတ်ကြပါ။ ဤနေရာ၌ကျွန်ုပ်တို့ဆိုလိုနေသည်မှာ မိမိတို့ဘာသာ စစ်မှန်သောအ သင်းတော်ဖြစ်ပါသည်ဟု ပြောဆိုနေကြသော မစစ်မှန်သည့်ဂိုဏ်းဂဏကွဲများမှနေ၍ ယုံကြည်သူ တို့စည်းဝေးရာ စစ်မှန်သောအသင်းတော်သည် ကွဲပြားခြားနားမှုရှိကိုရှိရမည်ဟု ဆိုလိုနေခြင်းဖြစ်၏။ စစ်မှန်သောအသင်းတော်၏အမှတ်လက္ခဏာများမှာ ဤသည်တို့ဖြစ်သည်၊- စင်ကြယ်သောဝေံတရားကိုဟောပြောရမည်၊ ပွဲတော်မင်္ဂလာများကို သခင်ခရစ်တော်ကမိန့်တော်မူထားသည့်အ တိုင်း စင်ကြယ်စွာကျင့်သုံးခြင်းရှိရမည်၊ အပြစ်ကိုအရေးယူခြင်း၌ ခရစ်ယာန်စည်းကမ်းထိန်းသိမ်းအရေးယူခြင်းကို လက်တွေ့ကျင့်သုံးရမည် စသည်တို့ဖြစ်သည်။ အတိုချုပ်အားဖြင့်ပြောရလျှင် အ သင်းတော်အတွင်းစီမံခန့်ခွဲသမျှသည် ဘုရားသခင်၏စင်ကြယ်သောနှုတ်ကပတ်တော်အတိုင်းဖြစ် ရမည်။ နှုတ်ကပတ်တော်ကဆန့်ကျင်ကန့်ကွက်သမျှကို ဆန့်ကျင်ငြင်းပယ်ရမည်။ ထို့အပြင် သခင် ယေရှုခရစ်တော်တပါးတည်းသာလျှင် အသင်းတော်၏ဦးခေါင်းဖြစ်သည်ဟု အသိအမှတ်ပြုရမည်။ ဤအချက်များအားဖြင့် စစ်မှန်သောအသင်းတော်ဖြစ်သည်ကို သေချာစွာသိနိုင်သည်။ ထိုအသင်းတော်မှနေ၍ မည်သူတယောက်မျှ

သီးခြားစွာနေထိုင်ခွင့်မရှိပါ။ အသင်းတော်၏အသင်းသူ/သားများနှင့်ပတ်သက်၍၊ ၎င်းတို့ကို ခရစ်ယာန်တို့လက္ခဏာများအားဖြင့် သိရှိနိုင်ပါသည်။ ၎င်းလက္ခ ဏာများမှာ၊- ယုံကြည်ခြင်းအားဖြင့် သခင်ယေရှုခရစ်တော်ကို မိမိတို့၏ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံချိန်မှစ၍ အပြစ်များကိုရှောင်ကျဉ်သူများဖြစ်လာကြ၏။ ဖြောင့်မတ်ခြင်းတရားနောက်သို့ လိုက်လျှောက်ကြသူများ၊ စစ်မှန်သောဘုရားသခင်နှင့် မိမိအိမ်နီးချင်းကို ချစ်မြတ်နိုးသူများ၊ဘုရား သခင်၏လမ်းတော်မှနေ၍ဘယ်ဖက်သို့၎င်း၊ညာဖက်သို့၎င်းလွဲဖယ်ခြင်းမရှိ ဖြောင့်စွာလိုက်လျှောက် သူများ၊ မိမိတို့၏ဇာတိစိတ်များနှင့်အကျင့်များကို လက်ဝါးကပ်တိုင်း၌ရိုက်ထားသူများဖြစ်ကြသည်။ သို့သော် ထိုသို့ပြောဆိုခြင်းကြောင့် ယုံကြည်သူတို့တွင် ကြီးမားသောမပြည့်စုံမှုများ မရှိတော့ပါဟု ထင်မြင်ယူဆမှု မရှိသင့်ပါ။ သို့သော် ထိုမပြည့်စုံမှုများကို ယုံကြည်သူတို့သည် မိမိတို့၏အသက်တာတလျှောက်လုံး သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဆန့်ကျင်လျှက်ရှိကြပါသည်။ ထိုသို့ဆန့် ကျင်ရာတွင်ယုံကြည်သူတို့သည် အမြဲပင် သခင်ယေရှုခရစ်တော်၏ အသွေးတော်၊ အသေခံခြင်း၊ ဒုက္ခခံတော်မူခြင်း၊ နာခံလိုက်လျှောက်ခြင်း စသည်တို့၌ခိုလှုံလျှက် ဆန့်ကျင်ကြခြင်းဖြစ်သည်။ထိုသခင်အား ယုံကြည်ခြင်းဖြင့်သာ၊ ထိုသခင်ကြောင့် အပြစ်မှခွင့်လွှတ်မှုကို ရရှိကြခြင်းဖြစ်တော့သည်။ မှားယွင်းသောအသင်းတော်မှာ ထိုသို့မဟုတ်ပါ။ မိမိဘာသာ သမ္မာကျမ်းစာထက် ပို၍တန်ခိုးအာ ဏာရှိသည်၊ သမ္မာကျမ်းစာထက် မိမိ၏ထုံးတမ်းစဉ်လာများသာ ပို၍အရေးကြီးသည်ဟုပြောဆို တတ်သည်။ ပွဲတော်မင်္ဂလာများကျင့်သုံးရာ၌လည်း သခင်ခရစ်တော်ကသူ၏နှုတ်ကပတ်တော်တွင် ခန့်ထားသည့်အတိုင်း ကျင့်သုံးခြင်းမရှိဘဲ၊ မိမိကြိုက်နှစ်သက်သလို ထပ်မံထည့်သွင်းခြင်း (သို့) ဖယ်ထုတ်ခြင်းများကို ပြုတတ်၏။ ထိုမှားယွင်းသောအသင်းတော်သည် သခင်ခရစ်တော်ကိုအား ကိုးသည်ထက် လူကိုပို၍အားကိုးတတ်၏။ ထို့အပြင် ထိုမှားယွင်းသောအသင်းတော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်အလိုအတိုင်း သန့်ရှင်းစွာနေကြသူများ၊ မိမိ၏မှားယွင်းမှုများ၊ လောဘ ကြီးမှုများ၊ ရုပ်တုကိုးကွယ်မှုများ စသည်တို့ကိုဖေါ်ပြသူများအား နှိပ်စက်ညှင်းပန်းတတ်ပါသေးသည်။ ထို့ကြောင့် ဤအသင်းတော်နှစ်ပါးကို မည်သူကမှန် မည်သူကမှားကြောင်း လွယ်ကူစွာသိ မြင်ခွဲခြားနိုင်ပါသည်။

## စာပိုဒ် (၃၀)

## အသင်းတော်အုပ်ချုပ်ပုံနှင့်အမှုတော်ဆောင်များအကြောင်း

ဤစစ်မှန်သောအသင်းတော်အား ကျွန်ုပ်တို့၏ဘုရားသခင်က သူ၏နှုတ်ကပတ်တော်အ တွင်း၌သွန်သင်ထားသည့်အတိုင်း၊ ဝိညာဉ်ရေးရာနှင့်ဆိုင်သောနည်းလမ်းများအားဖြင့် အုပ်ချုပ်ရ မည်ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ အုပ်ချုပ်သူတို့တွင် သမ္မာကျမ်းစာကိုဟောကြားမည့်၊ ပွဲတော်မင်္ဂလာများကိုဆောင်ရွက်ပေးမည့် သင်းအုပ်ဆရာ၊ အသင်းလူကြီးနှင့်သင်းထောက်တို့ ပါဝင် ကြပါသည်။ ထိုသူတို့စုပေါင်း၍ အသင်းတော်ကောင်စီကိုဖွဲ့စည်းရမည်။ ဤကောင်စီအားဖြင့် စစ် မှန်သောကိုးကွယ်ဝတ်ပြုခြင်းကို စောင့်ရှောက်ထိန်းသိမ်းရမည်။ စစ်မှန်သောအယူဝါဒကို နေရာ တိုင်းသို့ပြန့်ပွားစေရမည်။ ထို့အတူ ဤကောင်စီအားဖြင့် သမ္မာကျမ်းစာအလိုတော်ကို ချိုးဖေါက် အပြစ်ပြုသူများကို ဝိညာဉ်ရေးရာနည်းလမ်းအားဖြင့် အရေးယူထိန်းသိမ်းရမည်။ ထို့အတူ ဤ ကောင်စီအားဖြင့် ဆင်းရဲသူများ၊ စိတ်မသာညီးတွားသူများကို သူတို့၏လိုအပ်ချက်နှင့်အညီ ကူညီ ခြင်း၊ နှစ်သိမ့်မှုပေးခြင်းများကို လုပ်ဆောင်ရပါမည်။ ဤနည်းအားဖြင့် အသင်းတော်အတွင်း၌ အ ရာခပ်သိမ်းကို သင့်တင့်လျှောက်ပတ် စည်းစနစ်ကျစွာပြုလုပ်နိုင်ပါမည်။ ထို့အတွက် သစ္စာရှိသော ယောက်ျားအသင်းသားများကိုရွေးချယ်မိဘို့ရန် အထူးလိုအပ်ပါသည်။ ထိုသို့ဖြစ်ရန် ရှင်ပေါလုက တိမောသေသြဝါဒစာများတွင်ဖေါ်ပြထားသည့်အတိုင်း ရွေးချယ်ကြရပါမည်။

## စာပိုဒ် (၃၁)

## သင်းအုပ်ဆရာ၊ အသင်းလူကြီးနှင့် သင်းထောက်တို့အကြောင်း

ဘုရားသခင်၏နှုတ်ကပတ်တော်ကသွန်သင်ထားသည့်အတိုင်း သင်းအုပ်၊အသင်းလူကြီးနှင့် သင်းထောက်တို့ကို အသင်းတော်က သမ္မာကျမ်းစာဥပဒေနှင့်အညီ သူတို့အမှုတော်ဆောင်ရမည့် ဌာနသို့ ဘုရားသခင်၏နာမတော်ကိုတိုင်တည်၍ ရွေးချယ်ခန့်ထားရပါမည်ဟု ကျွန်ုပ်တို့ယုံကြည် ကြပါသည်။ ထို့ကြောင့် အယောက်စီတိုင်းသည် မိမိကိုယ်မိမိ အရွေးချယ်ခံဖို့ရန် မရိုးသားသော နည်းလမ်းမျိုးဖြင့် အတင်းအကြပ်လုပ်ဆောင်ခြင်းမျိုး

မပြုလုပ်ရန် သတိထားရပါမည်။ထိုသို့မဟုတ် ဘဲ သခင်ဘုရားကိုယ်တော်တိုင်က မိမိကိုခေါ်တော်မူပါသည်၏၊ သေချာပါ၏ ဆိုသောသက်သေ ကိုခံနိုင်ရန် ဘုရားသခင်ကအလိုတော်ရှိသည့်အချိန်တွင် ခေါ်တော်မူသည့်တိုင်အောင်စိတ်ရှည်စွာ စောင့်နေကြရပါမည်။ အသင်းတော်၏ဦးခေါင်းဖြစ်သော၊ တလောကလုံးနှင့်ဆိုင်သော၊တပါးတည်း သာဖြစ်သည့် သင်းအုပ်ကြီးဖြစ်သောသခင်ခရစ်တော်၏ အမှုတော်ဆောင်များဖြစ်ကြသည်နှင့်အ ညီ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဟောကြားရသော သင်းအုပ်ဆရာတိုင်းသည် မည်သည့်နေ ရာ၌မဆို၊ တူညီသည့်လုပ်ဆောင်နိုင်ခွင့်နှင့် ဩဇာအာဏာကိုပိုင်ဆိုင်ကြပါသည်။ ထို့အပြင် ဤဘု ရားသခင်၏သန့်ရှင်းသောဥပဒေကိုမည်သူကမျှကျူးကျော်စော်ကားမှုမပြုနိုင်စေရန် (သို့) မရှိမသေ မထီမဲ့မြင်မပြုလုပ်ရန် အယောက်စီတိုင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဟောကြားသည့် သင်းအုပ်ဆရာနှင့်အသင်းလူကြီးတို့အား သူတို့၏အလုပ်ကိုထောက်သဖြင့် လေးစားသင့်ကြပါ သည်ဟု ကျွန်ုပ်တို့က ပြောဆိုကြပါသည်။ သူတို့နှင့်ဆက်ဆံသည့်အခါ မြည်တမ်းညီးငြူခြင်း၊ ခိုက် ရန်ဖြစ်ခြင်း၊ ရန်တွေ့ခြင်း စသည်တို့ကို အတတ်နိုင်ဆုံး မပြုလုပ်ဘဲ နေကြရပါမည်။

## စာပိုဒ် (၃၂)

## အသင်းတော်၏စည်းမျဉ်းဥပဒေသများနှင့်စည်းကမ်းထိန်းသိမ်းခြင်းအကြောင်း

ဤလောက၌အသက်ရှင်စဉ် အသင်းတော်၏ခန္ဓာကိုယ်အားထိန်းသိမ်းရန် အသင်းတော်၏ ဦးဆောင်သူများက အသင်းတော်အတွင်းကျင့်သုံးရန် ဥပဒေစည်းမျဉ်းအချို့ကို ပြဋ္ဌာန်းခြင်း၊ တည် ဆောက်ခြင်းသည် အသုံးဝင်၍အကျိုးရှိလှသည်ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ သို့သော် ထိုသို့ ပြဋ္ဌာန်းရာ၌ ကျွန်ုပ်တို့၏သခင်ဖြစ်သူ သခင်ခရစ်တော်ကတည်ထားခဲ့သော စည်းမျဉ်းဥပဒေသများနေ၍ လွဲဖယ်မသွားရန် ဂရုစိုက်သေချာစွာနှင့် လေ့လာကြရပါမည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်အားဝတ်ပြုကိုးကွယ်ရာတွင်၊ လူတို့၏ဩတ္တပ္ပစိတ်များကိုချုပ်ကိုင်ရန် ပြုလုပ်သမျှသော လူသားတို့၏ တီထွင်ဖန်တီးမှုများအားလုံး၊ လူသားတို့ပြုလုပ်သော ဥပဒေသများအားလုံးတို့ကို ပစ် ပယ်ကြပါသည်။ ထို့ကြောင့် လူသားတိုင်း ဘုရားသခင်၏အလိုတော်ကို ဝန်ခံလိုက်နာခြင်းသို့ ပို့ ဆောင်ရန်အတွက်၄င်း၊ ညီညွတ်ခြင်းနှင့်သဘောတူညီခြင်းတို့ကို တိုးတက်ထိန်းသိမ်းဖို့ရန်အတွက် ၄င်း ရည်ရွယ်ထားရှိသည့် စည်းမျဉ်းဥပဒေများကိုသာ လက်ခံကြပါသည်။ ဤရည်ရွယ်ချက်ပြည့် မြောက်စေရန်အတွက်ပင် သမ္မာကျမ်းစာက သွန်သင်သည့်အတိုင်း အသင်းတော်မှထုတ်ပယ်ခြင်း (သို့) အသင်းတော်၏စည်းကမ်းထိန်းသိမ်းခြင်းသည်၄င်း၊ ဤအချက်နှင့်ဆက်နွယ်နေသည့်အရာ များသည်၄င်း မရှိမဖြစ်လိုအပ်သောအရာများဖြစ်ကြပါသည်။

## စာပိုဒ် (၃၃)

## ပွဲတော်မင်္ဂလာများအကြောင်း

ကျေးဇူးတော်နှင့်ကြွယ်ဝတော်မူသော ကျွန်ုပ်တို့၏ဘုရားသခင်သည် ကျွန်ုပ်တို့၏အားနည်းခြင်းများ၊ ကြံခိုင်မှုမရှိခြင်းများအတွက်ကြောင့် ပွဲတော်မင်္ဂလာများကို ကျွန်ုပ်တို့အတွက် တည်ထား ပေးခဲ့ပါသည်။ ထိုပွဲတော်မင်္ဂလာများအားဖြင့် ဘုရားသခင်သည် သူ၏ကတိတော်ကို ကျွန်ုပ်တို့ထံ အတည်ပြုပေးပါသည်။ ထိုပွဲတော်မင်္ဂလာများသည် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ကျေးဇူးတော်နှင့်ကောင်းမြတ်သောစိတ်နှလုံးတို့ကို အာမခံပေးသောအရာများဖြစ်ကြသည်။ ထိုပွဲတော်များ အားဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ပို၍ခွန်အားတိုးပွားစေရန် ကျွေးမွေးပြုစုပါသည်။ထိုအတွက် ကြောင့် ဘုရားသခင်က ပွဲတော်မင်္ဂလာများကို ဧဝံဂေလိနှုတ်ကပတ်တော်ဟောပြောခြင်းနှင့်ဆက် စပ်လျှက်ထားရှိပါသည်။ ထိုသို့သောအားဖြင့် နှုတ်ကပတ်တော်ဟောကြားခြင်းဖြင့်၄င်း၊ ကျွန်ုပ်တို့၏စိတ်နှလုံးတွင် ဘုရားသခင်ကိုယ်တော်တိုင်က ပြုလုပ်ပေးခြင်းအားဖြင့်၄င်း ရရှိလာသောကယ် တင်ခြင်းသည် ဧကန်မုချမှန်ကန်ကြောင်းကို ကျွန်ုပ်တို့၏အာရုံငါးပါးက ပို၍ရှင်းလင်းစွာ သိရှိလာ တော့သည်။ ထိုပွဲတော်မင်္ဂလာများသည် ကျွန်ုပ်တို့၏စိန်နှလုံးထဲတွင် ဘုရားသခင်က သူ၏ဝိညာဉ် တော်တန်ခိုးအားဖြင့်ပြုလုပ်ပေးတော်မူသည့် မျက်စိဖြင့်မြင်၍မရသောအရာကို မျက်စိဖြင့်မြင်နိုင် စေရန်ပေးထားသောတံဆိပ်များ၊ အမှတ်လက္ခဏာများဖြစ်ကြ၏။ ထို့ကြောင့် ဤအမှတ်လက္ခဏာ များသည် အရေးမကြီးသောအရာများ (သို့) အသုံးမဝင်သောအရာများ မဟုတ်ကြပါ။ ထို့အတူ ကျွန်ုပ်တို့ကိုလှည့်စားသောအရာများလည်း မဟုတ်ကြပါ။ အဘယ်ကြောင့်ဆိုသော် ထိုပွဲတော်မင်္ဂ

လာများက အဓိကဖော်ပြထင်ရှားစေသည့် စစ်မှန်သောအရာမှာ သခင်ယေရှုခရစ်တော်ပင်ဖြစ် သည်။ သခင်ခရစ်တော်သာမရှိပါက ထိုပွဲတော်မင်္ဂလာများ အချိန်အနည်းငယ်ခန့်မျှပင် တည်ရှိ နိုင်မည်မဟုတ်ပါ။ ထို့အပြင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏သခင်ခရစ်တော်ကတည်ထားခဲ့သော ပွဲ တော်မင်္ဂလာအရေအတါက်ကိုသာ ကျေနပ်စွာကျင့်သုံးကြပါသည်။ အရေအတွက်မှာ (၂)ခုသာရှိ ပါသည်။ ၄င်းတို့မှာ ဗတ္တိဇံမင်္ဂလာနှင့် ကျွန်ုပ်တို့သခင်ခရစ်တော်၏ညစာပွဲတော်မင်္ဂလာတို့ဖြစ်ကြ ပါသည်။

**စာပိုဒ် (၃၄)**

**သန့်ရှင်းသောဗတ္တိဇံမင်္ဂအကြောင်း**

ပညတ်တရား၏အဆုံးသတ်ဖြစ်သော သခင်ယေရှုခရစ်တော်သည် သူ၏အသွေးတော်ကို သွန်းလောင်းခြင်းအားဖြင့် လူသားတို့ပြုလုပ်နိုင်သည့် (သို့) ပြုလုပ်ခဲ့သည့်အပြစ်တရားအတွက် အ မျက်ပြေစေသော (သို့) ကျေနပ်စေသော အသွေးသွန်းခြင်းများအားလုံးကို အဆုံးသတ်စေခဲ့ပါ သည်ဟု ကျွန်ုပ်တို့ယုံကြည်လျှက် ဝန်ခံကြပါသည်။ သခင်ခရစ်တော်သည် အသွေးဖြင့်ပြုလုပ်ရ သော အရေဖျားလှီးခြင်းမင်္ဂလာကိုဖျက်သိမ်းလျှက် ထိုအရာအစား ဗတ္တိဇံမင်္ဂလာတည်းဟူသောပွဲ တော်မင်္ဂလာကိုတည်ထားခဲ့ပါသည်။ ထိုဗတ္တိဇံမင်္ဂလာအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏အ သင်းတော်သို့လက်ခံခြင်းကို ခံရကြပါသည်။ ထိုမင်္ဂလာအားဖြင့် ကျွန်ုပ်တို့သည် အခြားသောသူ များနှင့်၄င်း၊ အခြားဘာသာတရားများနှင့်၄င်း ခြားနားသောသူများဖြစ်လာကြသည်။ ထိုမင်္ဂလာ အားဖြင့်ကျွန်ုပ်တို့သည် ဘုရားသခင်၏ပိုင်ဆိုင်ခြင်းကို ခံရသူများ၊ သူ၏အလံတော်နှင့် အောင်လံ တော်တို့ကို ကိုင်ဆွဲသူများဖြစ်လာကြ၏။ ဘုရားသခင်သည် အစဉ်အမြဲ ကျွန်ုပ်တို့၏ကျေးဇူးတော် ကြွယ်ဝသော ဘုရားသခင်နှင့်အဘဖြစ်နေမည် ဆိုသည့်ကတိတော်ကို သက်သေခံအဖြစ် ဗတ္တိဇံမ င်္ဂလာက လုပ်ဆောင်ပေးပါသည်။ ထို့ကြောင့် ဘုရားသခင်၏ပိုင်ဆိုင်ခြင်းကိုခံရသူများအားလုံး **ခ မည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်နာမ၌✡✡ စင်ကြယ်သောရေအားဖြင့် ဗတ္တိဇံကို ခံယူကြရန်မိန့်တော်မူ၏။ ညစ်ပတ်နေသောခန္ဓာကိုယ်ပေါ်သို့ ရေကိုသွန်းလောင်းလိုက်သောအခါ အညစ်အကြေးများသန့်စင်သွားသကဲ့သို့ ဗတ္တိဇံရေကို ခံယူသောပုဂ္ဂိုလ်အပေါ်သို့ဖြန်းလိုက်၍ ထို ရေကို သူ၏ခန္ဓာပေါ်၌မြင်ရသည့်အခါ၊ သခင်ခရစ်တော်၏အသွေးတော်သည် သန့်ရှင်းသောဝိ ညာဉ်တော်တန်ခိုးအားဖြင့် ထိုသူ၏အတွင်းစိတ်ဝိညာဉ်အပေါ်သို့ဖြန်းလိုက်လျှက်၊ သူ၏အပြစ်များ ကိုဆေးကြောပေးလိုက်ပြီး၊ ဘုရားသခင်၏အမျက်တော်အောက်ရောက်ရှိနေသူအဖြစ်မှ ဘုရားသ ခင်၏သား/သမီးအဖြစ်သို့ အသစ်တဖန်ပြုပြင်ပေးတော်မူ၏ဆိုသည့်အကြောင်းကို ဗတ္တိဇံမင်္ဂလာ က ကျွန်ုပ်တို့အားသိရှိထင်ရှားစေပါသည်။ ထိုအရာကို အပြင်ဖက်၌တွေ့ရသော ရေသက်သက်က ဖြစ်ပွားစေသည်မဟုတ်ပါ။ အဖိုးထိုက်လှသော ဘုရားသခင့်သားတော်၏အသွေးတော်ကသာဖြစ် ပါားစေခြင်းဖြစ်သည်။ ထိုသူသည် အာဇာရှင်ဖါရောရှင်ဘုရင်နှင့်တူသောနတ်ဆိုး၏လက်မှလွတ် မြောက်လျှက်၊ ဝိညာဉ်ရေးရာခါနန်ပြည်သို့ဝင်ရန် ကျွန်ုပ်တို့ဖြတ်သန်းရမည့် ဒေိုပင်လယ်ဖြစ်သည်။ ထို့ကြောင့် သင်းအုပ်ဆရာတို့က သူတို့လုပ်ရမည့်ကဏ္ဍဖြစ်သည့် မျက်စိဖြင့်မြင်ရသော၍မင်္ဂလာ ကိုပေးသောအခါ၊ ကျွန်ုပ်တို့၏သခင်ဘုရားက ထိုမင်္ဂလာအားဖြင့် သိရှိထင်ရှားစေသည့်အရာများကိုပေးတော်မူ၏။ ထိုအရာများကိုအမည်အားဖြင့်ပြောရလျှင် ဆုလဒ်လက်ဆောင်များနှင့်မျက်စိ ဖြင့်မမြင်နိုင်သောကျေးဇူးတော်များ၊ အားလုံးသောဆိုးညစ်ခြင်းများနှင့်မဖြောင့်မတ်ခြင်းများမှနေ၍ ကျွန်ုပ်တို့၏စိတ်ဝိညာဉ်များကို ဆေးကြောပေးခြင်း၊ သန့်စင်ပေးခြင်း၊ သုတ်သင်ဖယ်ရှားပေးခြင်း၊ ကျွန်ုပ်တို့၏နှလုံးသားများကို အသစ်တဖန်ဖြစ်ပွားစေခြင်းနှင့်အလုံးစုံသောနှစ်သိမ့်မှုများဖြင့်ပြည့်ဝ နေစေခြင်း၊ ဘုရားသခင်၏အဘနှင့်တူသောကောင်းမြတ်ခြင်းများကို ကျွန်ုပ်တို့ကအမှန်တကယ် ပင်ရရှိပါသည်ဆိုသည့် စစ်မှန်သောအာမခံချက်ကိုပေးခြင်း၊ ကျွန်ုပ်တို့အား လူသစ်ကိုယူတင်ဝတ် ဆင်စေခြင်းနှင့်လူးဟောင်းကိုချွတ်ပယ်ပေးပြီး၊ သူ(ဘုရားသခင်)၏အမူအကျင့်များအတိုင်းလိုက် လျှောက်သူများဖြစ်လာစေခြင်း စသည်တို့ဖြစ်ပါသည်။ ထို့ကြောင့် ထာဝရအသက်ကိုရရှိဖို့ရန်စိတ် အားထက်သန်စွာ အပတ်တကုတ်ကြိုးစားကြသူတိုင်း၊ ဤတခုတည်းသာရှိသည့်ဗတ္တိဇံမင်္ဂလာကို တကြိမ်ခံယူသင့်ကြပါသည်။ ကျွန်ုပ်တို့သည် ဤလောကသို့(၂)ကြိမ်မွေးဖွားမလာကြသည်ဖြစ်၍ ဗ တ္တိဇံမင်္ဂလာကိုလည်း (၂)ကြိမ်ခံယူစရာမလိုအပ်ပါ။ ထိုဗတ္တိဇံမင်္ဂလာအားဖြင့်ရရှိသောကောင်းကျိုး များကိုလည်း ဗတ္တိဇံပေးသောရေကို ကျွန်ုပ်တို့အပေါ်သို့သွန်းလောင်းချိန်အတွင်း၌သာ ရရှိပိုင်ဆိုင်

ကြသည်မဟုတ်ပါ။ အသက်တာတခုလုံးအတွက်ပိုင်ဆိုင်ကြခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ သည် တခုတည်းသာရှိသည့်ဗတ္တိဇံအား တကြိမ်သာခံယူခြင်းကို မကျေနပ်အနှစ်သိမ့်နိုင်ကြသော၊ ကလေးငယ်များအားဗတ္တိဇံပေးခြင်းကိုရှုတ်ချကြသော အန်နာဗတ်တစ်အဖွဲ့များ၏ မှားယွင်းသော သွန်သင်မှုများကို ရှုံ့ချမုန်းတီးကြပါသည်။ ယခင်က ဣသရေလလူများ၏ကလေးငယ်များကိုအရေ ဖျားလှီးခြင်းမင်္ဂလာပေးခဲ့ကြသလို၊ ကျွန်ုပ်တို့၏ကလေးငယ်များထံသို့လည်း ဘုရားသခင်က သူ၏ တူညီသောကတိတော်များကိုပေးအပ်ထားသည်ဖြစ်ရာ ကလေးငယ်များကိုလည်းပဋိညာဉ်တရား၏ အမှတ်လက္ခဏာဖြစ်သည့် ဗတ္တိဇံမင်္ဂလာကိုပေးလျှက် တံဆိပ်ခတ်နှိပ်သင့်ပါသည်ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ အမှန်တကယ်ပင် သခင်ခရစ်တော်သည် သူ၏အသွေးတော်ကို လူကြီးများ၏ အပြစ်များအားဆေးကြောပေးဖို့ရန် သွန်းလောင်းတော်မူခဲ့သလို၊ သစ္စာရှိသောယုံကြည်သူတို့၏က လေးငယ်များအတွက်လည်း တူညီစွာပင် အသွေးတော်ကိုသွန်းလောင်းတော်မူခဲ့ပါသည်။ ထို့ကြောင့် သခင်ခရစ်တော်က သူတို့အတွက်ပြုတော်မူခဲ့သည့်အရာကိုပုံဆောင်သည့် နိမိတ်လက္ခ ဏာဗတ္တိဇံမင်္ဂလာကို ကလေးငယ်များကလည်းရရှိသင့်ကြ၏။ ပညတ်တရားထဲတွင် ဘုရားသခင်မှာ ထားသကဲ့သို့ ကလေးငယ်များသည်လည်း သခင်ခရစ်တော်၏ဒုက္ခခံတော်မူခြင်း၊ အသေခံတော်မူ ခြင်းတို့၏ပွဲတော်မင်္ဂလာများကိုပါဝင်ဆက်ဆံသူများဖြစ်လာစေသည့်အနေနှင့် မွေးဖွားပြီးမကြာမီ တွင် သိုးငယ်ဖြင့်ပူဇော်သောယဇ်ကိုပြုခဲ့ကြသည်။ ထိုသို့ပူဇော်ခြင်းသည် သခင်ယေရှုခရစ်တော်၏ပွဲတော်မင်္ဂလာတခုဖြစ်ပါသည်။ ထို့အပြင် အရေဖျားလှီးခြင်းမင်္ဂလာသည် ဂျူးလူမျိုးများအတွက် ဖြစ်ခဲ့ပြီး၊ ဗတ္တိဇံမင်္ဂလာသည် ကျွန်ုပ်တို့၏ကလေးငယ်များအတွက်ဖြစ်၏။ ဤအကြောင်းကြောင့် ပင် ရှင်ပေါလုက ဗတ္တိဇံမင်္ဂလာကို သခင်ခရစ်တော်၌အရေဖျားလှီးခြင်းဟု ခေါ်ထားရခြင်းဖြစ် တော့သည်။

## **စာပိုဒ် (၃၅)**

## **ကျွန်ုပ်တို့သခင်ယေရှုခရစ်တော်၏သန့်ရှင်းသောညစာပွဲတော်မင်္ဂလာ**

ကျွန်ုပ်တို့၏ကယ်တင်ရှင်သခင်ယေရှုခရစ်တော်သည် သူကိုယ်တိုင်က အသစ်ပြုပြင်ပြောင်းလဲထားသူများနှင့် အသင်းတော်တည်းဟူသော သူ၏မိသားစု၌ မိသားစုဝင်များအဖြစ်ပါဝင်စေပြီး သူများကို ကျွေးမွေးပြုစု၊ ထောက်ပံ့မစရန်အလို့ငှာ သန့်ရှင်းသောညစာပွဲတော်မင်္ဂလာကို တည် ထားလျှက်ခန့်အပ်ခဲ့ပါသည်ဟု ကျွန်ုပ်တို့ဝန်ခံကြပါသည်။ ယခုအခါ ထိုသို့အသစ်ပြုပြင်ပြောင်းလဲ ခြင်းကိုခံရသူများထံတွင် နှစ်မျိုးသောအသက်တာရှိနေပါသည်။ ပထမတမျိုးမှာ ခန္ဓာကိုယ်နှင့်ဆိုင် လျှက်၊ ခေတ္တခဏသာတည်ပါသည်။ ၎င်းတို့ ဤလောကသို့ ပထမအကြိမ်မွေးဖွားလာကြချိန်၌ရရှိ ကြခြင်းဖြစ်ပြီး၊ လူသားအားလုံးကလည်း ပိုင်ဆိုင်ကြပါသည်။ အခြားအသက်တာတမျိုးမှာ ဝိညာဉ် ရေးရာအသက်တာဖြစ်ပြီး၊ ကောင်းကင်နှင့်ဆိုင်သောအသက်တာမျိုးဖြစ်သည်။ ထိုအသက်တာကို ခရစ်တော်၏ကိုယ်ခန္ဓာကိုပါဝင်ဆက်ဆံခြင်းအတွင်း၌ဧဝံဂေလိတရား၏စကားလုံးများဖြင့်ဖြစ်ပေါ် လာစေသည့် ဒုတိယအကြိမ်မွေးဖွားချိန်၌ ၎င်းတို့ကို ဘုရားသခင်ကပေးခြင်းဖြစ်သည်။ဤအသက် တာကို လူတိုင်းကမပိုင်ဆိုင်ပါ။ ဘုရားသခင်၏ ရွေးကောက်ခြင်းခံရသူတို့ကသာ ထူးခြားစွာ ပိုင် ဆိုင်ကြပါသည်။ ထိုသို့လျှင် ဘုရားသခင်သည် ကျွန်ုပ်တို့၏ခန္ဓာကိုယ်နှင့်ဆိုင်သော၊ဤလောကနှင့် ဆိုင်သောအသက်တာအတွက် မရှိမဖြစ်လိုအပ်သည့်အစာများကို ထောက်ပံ့မစတော်မူ၏။ အ သက်ရှင်ခြင်းဆိုသည်အရာကဲ့သို့ပင် ဤထောက်ပံ့မစခြင်းကို လူသားတိုင်းကခံစားကြရပါသည်။သို့ သော် ယုံကြည်သူတို့ကသာပိုင်ဆိုင်ကြသည့် ဝိညာဉ်ရေးရာနှင့်၎င်း၊ ကောင်းကင်ဘုံနှင့်၎င်း ဆိုင် သည့်အသက်တာအတွက်ကိုမူ ဘုရားသခင်သည် ကောင်းကင်ဘုံမှဆင်းသက်သည့်အစာ(မုန့်)ကို စေလွှတ်တော်မူ၏။ ထိုအသက်ရှင်သောအစာ(မုန့်)သည် သခင်ယေရှုခရစ်တော်ပင်ဖြစ်သည်။ ထို သခင်သည် ယုံကြည်သူများက သူ့အားစားသုံးသည့်အခါ သူတို့၏ဝိညာဉ်ရေးရာအသက်တာများကို ကျွေးမွေးပြုစုခွန်အားရှိစေ၏။ သူ့အားစားသုံးခြင်းဆိုသည်မှာ ဝိညာဉ်တော်၌ ယုံကြည်ခြင်းအားဖြင့် သခင်ခရစ်တော်အား အသုံးပြုခြင်းနှင့်လက်ခံခြင်းကိုဆိုလိုသည်။သခင်ခရစ်တော်သည် ထိုဝိညာဉ်ရေးရာနှင့်ဆိုင်သော၊ ကောင်းကင်ဘုံနှင့်ဆိုင်သောအစာ(မုန့်)ကို ကျွန်ုပ်တို့အားပေးတော် မူရန်၊ ဤလောကနှင့်ဆိုင်သော၊ မျက်စေ့ဖြင့်လည်းမြင်ရသောမုန့်ကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ထိုမုန့်အား သူ၏ခန္ဓာကိုယ်ကိုပုံဆောင်သည့် ပွဲတော်မင်္ဂလာအဖြစ်ခန့်အပ်ခဲ့ခြင်းဖြစ်၏။ ထို့အပြင် စပျစ်ရည်ကို သူ၏အသွေးတော်အားပုံဆောင်သည့်

ပွဲတော်မင်္ဂလာအဖြစ်ခန့်အပ်ခဲ့၏။ ထိုသို့သော အားဖြင့် ထိုမုန့်နှင့်စပျစ်ရည်ကို ကျွန်ုပ်တို့၏လက်များဖြင့် လက်ခံကိုင်တွယ်မိကြသည့်အခါ၊ ကျွန်ုပ်တို့၏ပါးစပ်များဖြင့် စားလျှက်၊ သောက်ကြသည့်အခါ ကျွန်ုပ်တို့၏အသက်တာများကို အဟာရဖြစ် စေကြ၏။ ထို့အတူ ယုံကြည်ခြင်းအားဖြင့်(ဆိုလိုသည်မှာ ဝိညာဉ်လက်နှင့်၎င်း၊ ပါးစပ်နှင့်၎င်း) ကျွန်ုပ်တို့၏စိတ်ဝိညာဉ်၌ တပါးတည်းသာရှိသော သခင်ခရစ်တော်၏ စစ်မှန်သောခန္ဓာနှင့်အသွေးတော်ကို လက်ခံကြသောအခါ ကျွန်ုပ်တို့၏ဝိညာဉ်အသက်တာများကို ထောက်ပံ့မစတော်မူ၏ဟု သေချာစွာသိရှိကြပါသည်။ သံသယဖြစ်မှုမရှိဘဲ သေချာစွာသိနိုင်သည်မှာ သခင်ယေရှုခရစ်တော် က သူ၏ပွဲတော်မင်္ဂလာများကို အကျိုးမရှိ၊ အချည်းနှီးသုံးဆောင်ဖို့ရန် အလိုတော်လုံးဝမရှိပါဆိုသည်ပင်ဖြစ်သည်။ သခင်ခရစ်တော်သည် ဤသန့်ရှင်းသောပွဲတော်မင်္ဂလာများအားဖြင့် ကျွန်ုပ်တို့ ထံသို့ ပုံဆောင်လျှက်ဖေါ်ပြသော ကတိတော်မှန်စမျှကို ကျွန်ုပ်တို့ထံ၌ အမှန်တကယ်ပင်လုပ် ဆောင်ပေးသည်။ သန့်ရှင်းသောဝိညာတော်၏ လုပ်ဆောင်မှုအလုံးစုံတို့ကို လူသားတို့သိရှိနိုင်မှု စွမ်းအားက သိနိုင်မှုမရှိဘဲ ကွယ်ဝှက်လဆက်ရှိသည်နှင့်အညီ ပွဲတော်တော်မင်္ဂလာများက ဘုရားသခင်၏ကတိတော်များကို မည်သို့မည်ပုံရရှိစေပါသည်ဆိုသည့်နည်းလမ်းမူကား ကျွန်ုပ်တို့၏နားလည်နိုင်မှုစွမ်းအားကို ကျော်လွန်လျှက်ရှိနေ၏။

## စာပိုဒ် (၃၆)

## အုပ်ချုပ်သူအစိုးရမင်းများအကြောင်း

လူသားတို့သည် အပြစ်တရား၌ လုံးဝကျဆုံးနေကြသောကြောင့် ကျွန်ုပ်တို့၏ ကျေးဇူးတော် နှင့်ကြွယ်ဝသောဘုရားသခင်သည် ရှင်ဘုရင်များ၊ အုပ်ချုပ်သူအစိုးရမင်းများအား ခန့်ထား၏။ ထို သို့ခန့်အပ်ထားရခြင်းမှာ ဤကမ္ဘာလောကကြီးသည် တစုံတရာသောဥပဒေများ၊ ပေါ်လစီများအားဖြင့် အုပ်ချုပ်ခြင်းကိုခံရမည်အကြောင်း ခန့်ထားခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ထို သို့သောအားဖြင့် လူသားတို့၏အကျင့်ပျက်ခြင်းများကို ထိန်းချုပ်ထားလျှက်၊ လူသားတို့ကြားတွင် အရာခပ်သိမ်းသည် ကောင်းမွန်သောအစီအစဉ်နှင့် သင့်တယ်လျှောက်ပတ်ခြင်းတို့ ဆက်လက်တည်ရှိနေနိုင်ပါမည်။ ထိုသို့သောအားဖြင့် ဘုရားသခင်သည် ဆိုးညစ်မှုပြုသူများကို အပြစ်ဒါဏ် ခတ်ရန်၊ ကောင်းမွန်စွာနေထိုင်သူများကိုကာကွယ်ရန် ဓါးကိုင်သူအစိုးရမင်းများအားခန့်အပ်တော်မူ၏။ ထိုသူတို့၏တာဝန်ဝတ္တရားသည် နိုင်ငံသားတို့ကိုကြည့်ရှုစောင့်ရှောက်ဖို့ရန်သာ မကပါ၊ သန့်ရှင်းသောအမှုတော်ဆောင်ခြင်းကိုလည်း စောင့်ရှောက်ကြရပါမည်။ ထို့အပြင် ရုပ်တု ဆင်းတုကိုးကွယ်ခြင်းများ၊ မှားယွင်းသောဝတ်ပြုကိုးကွယ်ခြင်းများ စသည်တို့ကိုလည်း တားဆီးရပါ မည်။ ထိုသို့သောအားဖြင့် အန္တိခရစ်နိုင်ငံတော် ပျက်ဆီးလျှက် သခင်ခရစ်တော်၏နိုင်ငံတော် တိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်အား သူ၏နှုတ်ကပတ်တော်တွင်သွန်သင်ထား သည်အတိုင်း လူတိုင်းက ရိုသေလေးစား၊ ဝတ်ပြုကိုးကွယ်ရန် နေရာတိုင်း၌ဝေံဂေလိတရားဟောပြောခြင်းကို အစိုးရမင်းများက ထောက်ခံရပါမည်။ ထို့အပြင် မည်သည့်အခြေအနေ၊ မည်သို့ သောအသက်မွေးမှု၊ မည်သို့သောပညာရှိမှု၌နေထိုင်သူမဆို အစိုးရမင်းများအားအာခံခြင်းသည် မ လုပ်မနေရလုပ်ရမည့်တာဝန်ဖြစ်သည်။ ထို့ကြောင့် အခွန်အခများကိုပေးဆောင်ရမည်။ သင့်တင့် လျှောက်ပတ်သောရိုသေလေးစားမှုကိုပြုရမည်။ သမ္မာကျမ်းစာကမကန့်ကွက်သည့်နေရာများအားလုံး၌ ၎င်းတို့၏အမိန့်များကို နာခံကြရမည်။ ဘုရားသခင်ကအစိုးရမင်းများအား သူ၏အလိုတော် လမ်းအတွင်း ဦးဆောင်အုပ်စိုးခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားတရားရိုသေခြင်း၊ ရိုးသားဖြောင့် မတ်ခြင်းစသည်တို့၌ ငြိမ်းချမ်းစွာနေနိုင်မည်အကြောင်း အစိုးရမင်းများအတွက် ဆုတောင်းပေးရ ပါမည်။ ထို့ကြောင့် မြင့်မားသောတန်ခိုးအာဏာ၊ အစိုးရမင်းများကိုငြင်းဆန်ခြင်း၊ ဘုရားသခင်က လူသားတို့အကြားတွင်ထားရှိသော ဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်းတို့ကိုမှောက်လှန်ခြင်း၊ သင့် တော်လျှောက်ပတ်ခြင်းများကို ရှုတ်ထွေးစေခြင်း စသည့်အမှားများကိုသွန်သင်ကြသည့် အန်နာဗတ်တစ်အသင်းတော်များ၏သွန်သင်မှုများ၊ ၎င်းတို့နှင့်ဆင်တူသည့် သွန်သင်မှုများအားလုံးတို့ကို ကျွန်ုပ်တို့ ရွံရှာမုန်းတီးကြပါသည်။

(ဤအသင်းတော်နှင့်ဆက်နွယ်နေသည့်အစိုးရမင်းများ၏တုဝန်ဝတ္တရားနှင့်ပတ်သက်သောစာပိုဒ် သည် အစိုးရကထောက်ပံ့သည့်အသင်းတော်ကြီး(ချအဘူငျနိ ယ့ကမခ့)၏ဥပဒေသမှထွက်ပေါ်လာခဲ့ခြင်းဖြစ်၏။ ပထမဦးဆုံးအနေနှင့် ကွန်သတန်တင်ဘုရင်က [အေဒီ ၃၂၀ ပတ်ဝန်းကျင်ခန့်မှ စတင်၍] ကျင့်သုံးခဲ့ပြီး၊ နောက်ပိုင်းတွင် ပရိုတက်စတင့်အယူဝါဒကိုယုံကြည်ကြသည့် တိုင်းပြည် များကလည်း

ကျင့်သုံးခဲ့ကြပါသည်။ သို့သော် သမိုင်းတလျှောက်လေ့လာပါက အသင်းတော်အ ပေါ်အစိုးရကချယ်လှယ်ခြင်းကို မထောက်ခံခဲ့ကြောင်းတွေ့ရသည်။ မထောက်ခံယုံမကပါ အသင်းတော်နှင့်အစိုးရသည် သီးခြားစွာနေရမည်ဟု ယုံကြည်ခဲ့ကြသည်ကိုတွေ့ရပါသည်။ ထို့အပြင် တန် ခိုးအာဏာအားလုံးကို အစိုးရလက်သို့အပ်နှံလျှက်၊ အသင်းတော်အား အတင်းအကြပ်ပြောင်းလဲခြင်းမျိုးသည် ဓမ္မသစ်ကျမ်း၏သွန်သင်မှုနှင့်လည်း ဆန့်ကျင်ဘက်ဖြစ်နေပြီး၊ အသင်းတော်သည် မိမိ၏အရေးအရာများကို အစိုးရ၏စွက်ဖက်မှုမပါဘဲ မိမိဘာသာလွတ်လပ်စွာဆောင်ရွက်နိုင်သည် ဆိုသည့်အမှန်တရားကိုငြင်းပယ်ရာရောက်၏။ ဓမ္မသစ်ကျမ်းစာက အစိုးရ၏လက်အောက်သို့ အ သင်းတော်ကိုဝကွက်အပ်လိုက်ပြီး၊ အသင်းတော်ကိုအုပ်ချုပ်လျှက်၊ နိုင်ငံရေးအရကိုင်တွယ်ရမည်ဟူ၍မသွန်သင်ပါ။ ဓမ္မသစ်ကျမ်းက အသင်းတော်သည် ကျွန်ုပ်တို့၏သခင်နှင့်ရှင်ဘုရင်ခရစ်တော် လက်အောက်၌သာရှိလျှက်၊ အစိုးရ၏ချယ်လှယ်မှုအောက်မှလွတ်လပ်နေသည်ဟုသွန်သင်ပါသည်။ အသင်းတော်အား ၎င်း၏အမှုတော်ဆောင်များက ဝိညာဉ်နှင့်ဆိုင်သောနည်းလမ်းများကို အသုံးပြု လျှက် အုပ်ချုပ်ခွန်အားတိုးစေရမည်ဟုသွန်သင်ပါသည်။ လက်တွေ့၌ပြန်လည်ပြုပြင်သောအသင်း တော်များသည် အစိုးရကထောက်ပံ့သောအသင်းတော်ပုံစံမျိုးကို မနှစ်မြို့ကြပါ။ အသင်းတော်များသည် ကိုယ်ပိုင်အုပ်ချုပ်ရေးကိုရရှိပြီး၊ ဘုရားသခင်နှင့်ပတ်သက်၍ အယောက်စီတိုင်း သြတ္တပ္ပစိတ် လွတ်လပ်မှုမျိုးကိုရရှိကြ၏ ဆိုသည့်အချက်ကိုသာ ထောက်ခံအားပေးကြသည်။)

## စာပိုဒ် (၃၇)

## နောက်ဆုံးသောတရားစီရင်ခြင်းအကြောင်း

နောက်ဆုံးအနေနှင့် ဘုရားသခင်၏နှုတ်တော်ထွက်အတိုင်း၊ ဘုရားသခင်၏သတ်မှတ်ထားသောအချိန်(ထိုအချိန်ကို မည်သူမျှမသိပါ)ရောက်သောအခါ၊ ဘုရားသခင်ရွေးကောက်သမျှ တ ယောက်မကျန် ယုံကြည်ခြင်းသို့ ရောက်ကြသောအခါ၊ ကျွန်ုပ်တို့၏ သခင်ယေရှုခရစ်တော်သည် ကောင်းကင်မှနေ၍ ပြန်လည်ဆင်းကြွလာမည်ဖြစ်၏။ ထိုသို့ပြန်လည်ဆင်းကြွလာခြင်းသည်၊ တ ချိန်က ကောင်းကင်ဘုံသို့တက်ကြွသကဲ့သို့ပင် ကိုယ်ခန္ဓာပါလျှက်ကြွဆင်းလာမည်ဖြစ်သောကြောင့် မျက်စိဖြင့်လည်းမြင်နိုင်ကြပါမည်။ ထိုအချိန်တွင် သခင်ခရစ်တော်သည် မိမိကိုယ်ကို အသက်ရှင် သူ/သေသူများတို့အား တရားစီရင်မည့်တရားသူကြီးဖြစ်သည်ဟု ကြီးမြတ်တော်မူခြင်း၊ ဘုန်းတန် ခိုးပြည့်ဝတော်မူခြင်းနှင့်ကြေညာတော်မူမည်။ ထို့အပြင် ဤကမ္ဘာဟောင်းကို သန့်စင်ပစ်မည့်အ ကြောင်း မီးဖြင့်ကျွမ်းလောင်စေမည်ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ ထို့နောက် ကောင်းကင်တ မန်မင်းများ၏ဆင့်ခေါ်သံအားဖြင့်၎င်း၊ ဘုရားသခင်၏တံဘိုးမှုတ်သံအားဖြင့်၎င်း၊ ကမ္ဘာအစမှနေ၍အဆုံးတိုင်အောင်ရှိနေခဲ့ကြသည့် လူသားတိုင်း၊ယောက်ျားမိန်းမ၊ကလေးငယ်များပါမကျန် အား လုံးသည် တရားသူကြီးရှေ့၌ အယောက်စီတိုင်းပေါ်လာကြပါမည်။ သေဆုံးခဲ့ကြသူအားလုံး ဤ ကမ္ဘာမြေကြီးမှထမြောက်ကြလျှက်၊ ၎င်းတို့၏ဝိညာဉ်များသည် တခါကအသက်ရှင်ခဲ့ဘူးသည့် ခန္ဓာ ကိုယ်များနှင့် ပြန်လည်ပေါင်းစပ်ကြလိမ့်မည်။ ထိုအချိန် အသက်ရှင်နေကြသေးသူများသည် အ ခြားသူများကဲ့သို့ သေဆုံးခြင်းမရှိဘဲ မျက်စိတမှိတ်အတွင်းတွင် ပုတ်ပျက်တတ်သောခန္ဓာကိုယ်မှ မ ပုတ်ပျက်တတ်သောခန္ဓကိုယ်အဖြစ်သို့ ပြောင်းလဲသွားကြလိမ့်မည်။ ထို့နောက် စာအုပ်များ (ဆိုလို သည်မှာ သြတ္တပ္ပစိတ်များ)ကိုဖွင့်လှစ်ထားလျှက်၊ ဤလောက၌နေထိုင်စဉ် မိမိတို့ပြုလုပ်ခဲ့သည့် ကောင်းသောအကျင့်၊ မကောင်းသောအကျင့်များအတိုင်း တရားစီရင်ခြင်းကိုခံကြရမည်။ ထို့အပြင် ဤလောက၌ ရွှင်မြူးစရာ၊ ရယ်မောစရာဟု မှတ်ယူခဲ့ကြလျှက်ပြောခဲ့သမျှသော စကားလုံးတိုင်းအတွက် လူတိုင်းက အဘိုးအခကို ပေးဆပ်ကြရပါမည်။ ထို့အပြင် လူတိုင်း၏ဟန်ဆောင်မှု များ၊ လျှို့ဝှက်ချက်များသည် ထင်ရှားဖေါ်ပြနေကြမည်ဖြစ်သည်။ ထို့ကြောင့် ဤတရားစီရင်ခြင်းသည် ဆိုးညစ်သူများ၊ ဘုရားမသိသူများအတွက် အမှန်ပင် ကြောက်မက်ဖွယ်ရာဖြစ်သော်လည်း၊ ဖြောင့်မတ်သူများ၊ ရွေးကောက်တော်မူခြင်းခံရသူများအတွက်မူ အင်မတန်မှပင် နှစ်ခြိုက်စရာ၊ နှစ် သိမ့်စရာဖြစ်တော့၏။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်၌ ၎င်းတို့၏ကယ်တင်ခြင်းသည် လုံးဝ ပြည့်စုံခြင်းသို့ ရောက်ရှိပါမည်။ ထိုနေရာ၌ ၎င်းတို့ခံစားခဲ့ရသမျှသော လုပ်ဆောင်မှုများ၊ ဒုက္ခများ၏အသီးအပွင့်များကို ခံစားကြရပါမည်။ သူတို့၏အပြစ်ကင်းမှုကို လူတိုင်းရှေ့တွင် ထင်ရှားနေ စေလိမ့်မည်။ ထို့အပြင် ဤလောက၌ ၎င်းတို့အား အင်မတန်မှဆိုးညစ်ရက်စက်လှသည့် နှိပ်စက်မှု များနှင့်၎င်း၊ ဖိနှိပ်မှုများနှင့်၎င်း၊ ရက်စက်ခဲ့ကြသည့်

ဆိုးညစ်သူများကို ဘုရားသခင်က သူ၏ ကြောက်စရာကောင်းလှသော လက်စားချေပုံ၊ အပြစ်ဒဏ်ခတ်ပုံတို့ကို တွေ့မြင်ကြရပါမည်။ ထိုဆိုးညစ်သူများသည် မိမိတို့ဩတ္တပ္ပစိတ်များ၏သက်သေခံမှုကို ရရှိကြလျှက်၊ စာတန်နတ်ဆိုးနှင့် သူ့ နောက်လိုက်ကောင်းကင်တမန်ဆိုးများအတွက် ပြင်ဆင်ထားသည့် ထာဝရငရဲမီးအိုင်၌ ထာဝရပင် ညှင်းပန်းနှိပ်စက်မှုများကို ခံရကြမည်ဖြစ်သည်။ ထိုအဖြစ်မှဆန့်ကျင်စွာပင် ယုံကြည်ခြင်း၌သစ္စာရှိ သူများ၊ ရွေးကောက်တော်မူခြင်းကိုခံရကြသူများတို့သည် ဘုန်းတော်နှင့်၎င်း၊ ဂုဏ်ကျက်သရေနှင့် ၎င်း ချီးမြှင့်ခြင်းကိုခံကြရမည်ဖြစ်ပြီး၊ ထိုသူတို့၏နာမည်များကို ဘုရားသခင်၏သားတော်က ဘု ရားသခင်ရှေ့၊ သူရွေးကောက်ထားသောကောင်းကင်တမန်များရှေ့တွင် ဝန်ခံတော်မူလိမ့်မည်။ သူ တို့၏မျက်ရည်များအားလုံးတို့ကို သုတ်ပေးတော်မူလိမ့်မည်။ ဤလောက၌ရှိစဉ် တရားသူကြီး များ၊ အစိုးရမင်းများတို့က မှားယွင်းသူများ၊ ဘာသာရေးမကိုင်းရှိုင်းသူများဟူ၍ စီရင်ဆုံးဖြတ်၊ ပြစ် ဒဏ်ချမှတ်ခြင်းခံခဲ့ရသည့် ၎င်းတို့၏အမှုကိစ္စများသည် ထိုအခါတွင် ဘုရားသခင်၏သားတော်အ တွက်ခံခဲ့ရသော အမှုကိစ္စများဖြစ်သည်ဟု လူတိုင်းကိုသိစေမည်ဖြစ်သည်။ ထို့နောက် လူသား၏နှ လုံးသားအတွင်း၌ မည်သည့်အခါကမျှ ကြံစည်စိတ်ကူးမိခြင်းမျိုးမရှိဘူးသည့်ကျေးဇူးတော်နှင့်ပြည့် ဝသောဆုလဒ်များဖြစ်သည့် ဘုန်းတော်ကြွယ်ဝခြင်းကို ဘုရားသခင်က ၎င်းတို့အားခံစားပိုင်ဆိုင်စေမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထို သခင်ခရစ်တော်တည်းဟူသော သခင်ယေရှုထံ၌ ဘုရားသခင်ကပေးအပ်ထားသောကတိတော်များအား ပြည့်စုံစွာခံစားနိုင်မည့် ထိုနေ့ကို ရောက်ရှိ ရန် ကြီးမားလှသောအလိုဆန္ဒနှင့်၎င်း၊ မျှော်လင့်ခြင်းနှင့်၎င်း မျှော်လင့်စောင့်စားလျှက်ရှိနေကြ တော့သတည်း။ (အာမင်)

သခင်ယေရှုကြွလာတော်မူပါ။(ဗျာ ၂၂း၂၀)။